မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၈ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၃၈)

ခစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ပုသိမ်ခရိုင်ဖွံ့ဖြိုးရေးလှည့်လည်ကြည့်ရှု ရေဘေးသင့်မိသားစုများအား ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့

နေပြည်တော် စက်တင်ဘာ ၇

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံ အဆောက်အအုံသစ်ဖွင့်ပွဲကို ဩဂုတ် ၂၄ရက် နံနက် ၈နာရီခွဲက အဆိုပါအဆောက်အအုံသစ်ရှေ့၌ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာဆွေဝင်းက မိခင်ရင်သွေးကျန်းမာရေးရိပ်မြုံဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၃ ✻

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် သာပေါင်းမြို့နယ် အလယ်ကျွန်းကျေးရွာ၌ ရေဘေးသင့်အိမ်ထောင်စုဝင်များအား ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

ဆောင်းပါး

အညွှန်း

အမျိုးသားနိုင်ငံရေးအသိနှင့်သတိအပြည့်ထား၍ ပြည်တွင်း၊ ပြည်ပရန်အဝဝကို ညီညွတ်ခြင်းအင်အားဖြင့်ဖယ်ရှား

အမေရိကန်နှင့် ဗြိတိန်အစိုးရအဆက်ဆက်သည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် အစဉ်တစိုက် ကျူးကျော်စွက်ဖက် နှောင့်ယှက်ခဲ့ကြပါသည်။ ပြည်တွင်းရှိ မြေပေါ်သစ္စာဖောက်အုပ်စုများကို တွေ့ဆုံအားပေး လမ်းညွှန်ကူညီပံ့ပိုးလျက်ရှိပါသည်။ အလားတူ ပြည်ပရှိ ပုဆိန်ရိုး သစ္စာဖောက်ပြည်ပြေးများ၊ လက်ဝဲ လက်ယာ နိုင်ငံရေးအုပ်စုများ၊ နယ်စပ်ဒေသရှိ သောင်းကျန်းသူအကြွင်းအကျန်များကို ပေးကမ်းမွေးမြူ သိမ်းသွင်းအသုံးချလျက်ရှိပါသည်။ အမေရိကန်တို့အနေဖြင့် သူတို့၏ အကျိုးစီးပွားတစ်ခုတည်းကိုသာ ရှေ့တန်းတင်ပြီး ကျွန်တော်တို့နိုင်ငံအား ပြည်ထောင်စုပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲအောင် ထိုးနှက်ဖြိုခွဲကာ ၎င်း၏လက်ဝေခံ ကိုလိုနီကျွန်လက်သစ်နိုင်ငံအဖြစ် သိမ်းသွင်းထူထောင်ရေး၊ ၎င်းတို့ဩဇာခံ ရုပ်သေးအစိုးရတစ်ရပ်ပေါ်ပေါက်လာရေးအတွက် အသွင်ပြောင်း သံတမန်နည်းလမ်း [Transformational Diplomacy] အပါအဝင် နည်းလမ်းပေါင်းစုံသုံး၍ ဦးတည်လုပ်ဆောင်လျက်ရှိသည်မှာ ပကတိအမှန်တရားပင်ဖြစ်ပါသည်။ ပကတိအမှန်တရားကို လူအများ သိနားလည်ပြီး အမျိုးသားနိုင်ငံရေးအသိ၊ အမျိုးသား နိုင်ငံရေးသတိ အပြည့်ထား၍ ပြည်တွင်းရန်၊ ပြည်ပရန် အဝဝကို ညီညွတ်ခြင်းအင်အားဖြင့် ဝိုင်းဝန်းဖယ်ရှားရှင်းလင်းသုတ်သင်သွားကြရမည်။

ကျော်ရဲမင်း၏ အမေရိကန်၊ ဗြိတိန်တို့၏ မြန်မာ့နိုင်ငံရေး၌ ဝင်ရောက်နှောင့်ယှက်စွက်ဖက်မှုများ (၃) ဆောင်းပါး (စာ ၈၊ ၉ နှင့် ၁၀) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၈ ရက်)

ပြည်သူများ စာဖတ်ရှုနိုင်မြင့်မားရေး တိုးမြှင့်ကြိုးပမ်း အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖြစ်တည်ဆောက်

ယနေ့သည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဖြစ်သည်။ ယင်းနေ့သည် အီရန်နိုင်ငံတီဟီရန်မြို့၌ ၁၉၆၅ ခုနှစ် စက်တင်ဘာ၈ရက်က ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက် အောင်မြင်စွာကျင်းပခဲ့သည်မှ အစပြုခဲ့သည်။

ယူနက်စကို အထွေထွေညီလာခံကြီးက စက်တင်ဘာ ၈ရက်နေ့ကို နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ကျင်းပလာခဲ့သည်။ ယခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်မှာ "ရှင်လန်းကျန်းမာ ချမ်းမြေ့သာ စာတတ်မြောက်ခြင်းက သော့ချက်ပါ"ဟူ၍ ဖြစ်သည်။

မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးကြိုးပမ်းမှုတွင် အမျိုးသားပညာရည်မြင့်မားရေး ဦးတည်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးများအား ကျောင်းနေဖြစ်စေရေးအတွက် ကြိုးပမ်းမှုလည်းပါဝင်ရာ ၂၀၀၇ခုနှစ်၌ သူငယ်တန်းကျောင်းဝင်နှုန်း ၉၇ဒသမ၈၄ ရာခိုင်နှုန်း ရှိသည်။

ပညာရေးနှစ် ၃၀ စီမံကိန်းအရ ကျောင်းပြင်ပပညာရေး အစီအစဉ်ဖြင့် လူတိုင်းစာတတ်မြောက်ရေး ဦးတည်ကြိုးပမ်းခဲ့ရာ ယခုနှစ်တွင် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်း ၉၄ဒသမ၇၅ရာခိုင်နှုန်း ရှိနေပြီဖြစ်သည်။

စာတတ်မြောက်လာသူသက်ကြီးများအတွက် အရေးကြီးသော လိုအပ်ချက်မှာ စာဖတ်ရှုနိုင်မြင့်တင်ရေးဖြစ်ရာ လေ့လာစရာ စာအုပ်စာတမ်းများရရှိရေးနှင့် ရရှိလာသော စာအုပ်စာတမ်းများကို ဖတ်ရှုနိုင်ရန် စာဖတ်ဝိုင်း၊ စာဖတ်ခန်းနှင့် စာကြည့်တိုက်များ ထူထောင်ပေးရေးပင် ဖြစ်သည်။

ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ငါးသောင်းကျော် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်၍ စာဖတ်ရှုနိုင်မြင့်မားရေးကို များစွာအထောက်အကူပြုလျက် ရှိသည်။

သို့ဖြစ်ရာ စာတတ်မြောက်ပြီးသူများအနေဖြင့် အသိပညာ၊ ဗဟုသုတ တိုးပွားစေရေးအတွက် စာဖတ်ရှုနိုင်ပိုမိုမြင့်တင်သွားကြရမည် ဖြစ်သကဲ့သို့ လူငယ်လူရွယ် ကျောင်းသားကျောင်းသူများ အနေဖြင့်လည်း ပညာခေတ်နှင့်အညီ နည်းပညာများ ပိုမိုလေ့လာဆည်းပူးကြခြင်းဖြင့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖြစ် တည်ဆောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ အား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြို့မကဲ့သို့ ကျန်မြို့များ တစ်ပြေးညီဖွံ့ဖြိုးရန် ဆောင်ရွက် မြို့ပြစီမံကိန်းနှင့်အညီ ဆောင်ရွက်ရာတွင် ပြည်သူများပါဝင်အောင် စည်းရုံး

မြို့များကို ပန်းအလှပင်များဖြင့် ဝေဆာလှပအောင်ကြိုးစား

နေပြည်တော် စက်တင်ဘာ ၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်သည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် စည်ပင်သာယာရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော နေပြည်တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့များ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့များအားလုံး သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်း၊ စိုပြည်ရေးလုပ်ငန်းအဆင့်မြှင့်တင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော် စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူးဦးထွန်းကြည်နှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ နေပြည်တော်ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဇော်၊နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေး၊ နေပြည်တော် တပ်ကုန်းနှင့် မြို့နယ်များမှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီး၊ နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်က အဖွင့်အမှာစကား ပြောကြားရာ၌ နေပြည်တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ နေပြည်တော်မြို့မ ဖွံ့ဖြိုးတိုးတက်သကဲ့သို့ ကျန်မြို့များလည်း တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာရန် ဆောင်ရွက်ရာတွင် မြို့ပြစီမံကိန်း (Town Plan)ရေးဆွဲ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြို့ပြစီမံကိန်းနှင့်အညီ ဆောင်ရွက်ရာတွင် ပြည်သူ များပါဝင်လာအောင် စည်းရုံးဆောင်ရွက်ရန်နှင့် မြို့များကို ပန်းအလှပင်များဖြင့် ဝေဆာလှပအောင် ကြိုးစားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အုပ်ချုပ်ရေးအပိုင်းကလည်း မြို့များ သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်း၊ စိုပြည်လာအောင် စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းပါဝင် ကူညီပေးစေလိုကြောင်းနှင့် လိုအပ်သည်များကိုလည်း ထောက်ပံ့ကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်း မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီကော်မတီဝင် ဦးသန်းထွန်းက နေပြည်တော်ပျဉ်းမနားမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတားများ ဆောင်ရွက်ပေးခဲ့မှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ နေပြည်တော်တပ်ကုန်းကို ဖွံ့ဖြိုးတိုးတက်သာယာလှပရေးအတွက် ပြင်ဆင်ထိန်းသိမ်း ဆောင်ရွက်ပေးခဲ့မှုများ၊ လမ်း၊တံတားများ တည်ဆောက်ပေးခဲ့မှုများနှင့် နေပြည်တော်လယ်ဝေးရှိ လမ်း၊ တံတားများရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ပေးခဲ့မှုများ၊ ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

နေပြည်တော်ပျဉ်းမနား

ဆက်လက်၍ နေပြည်တော် ပျဉ်းမနား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ နေပြည်တော်ပျဉ်းမနားမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးဝင်းဌေးက မြို့စည်ပင်သာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်တပ်ကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကြည်နှင့် နေပြည်တော်တပ်ကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်တို့က မြို့သာယာလှပရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးမှုများ၊ နေပြည်တော်လယ်ဝေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မင်းနှင့် နေပြည်တော်လယ်ဝေး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးနိုင်ထွန်းတို့က မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီး နေပြည်တော်မြို့တော်ဝန်နှင့်တာဝန်ရှိသူများက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

လိုအပ်ချက်

ဆက်လက်၍ နေပြည်တော်ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်မောင်ဇော်က မြို့များအဆင့်မြှင့်တင်ဆောင်ရွက်ပေးမှုအပေါ် ပါဝင်ကူညီဆောင်ရွက်မှုများနှင့်လိုအပ်ချက်များကိုလည်းကောင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးထွန်းကြည်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်ပေးမှုများနှင့် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး၊ နေပြည်တော် မြို့တော်ဝန်က မြို့တွင်းလမ်းများ ပျက်စီးမှုမရှိစေရေး တစ်ကွက်ပေါက် တစ်ကွက်ဖာ စနစ်ကျင့်သုံးရေး၊ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျ တူးဖော်ဆောင်ရွက်ရေး၊ အမှိုက်ကင်းမဲ့ဇုန်အဖြစ် ရည်မှန်းပြီး အမှိုက်သိမ်းဆည်းမှု ထိရောက်မှန်ကန်ရေးနှင့် မြို့တွင်း လမ်းမကြီးတစ်လျှောက် ပန်းအလှပင်များ၊ နှစ်ရှည်ပန်းအလှပင်ကြီးများ စနစ်တကျစိုက်ပျိုးရေး၊လှပသန့်ရှင်းအောင်ဆောင်ရွက်ရေးနှင့်ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ် ၁၂ ဝေဇယန္တာလမ်းဖြေပ်ကွက် တောင်ဥက္ကလာပ မြို့နယ်နေ ဦးသန်းမြင့် – ဒေါ် သန်းမြမြ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေ ကျပ်လေးသိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဦးညွန့် လက်ခံယူစဉ်။ (က–ပ)

အသောက ဓမ္မဗိမာန် တည်ဆောက်ရေး ငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၇

မရမ်းကုန်းမြို့နယ် သမိုင်းမြို့မ ပရိယတ္တိစာသင်တိုက် ကျောင်းဝင်းအတွင်းတွင် တည်ဆောက်လျက်ရှိသော လေးထပ်ကျောင်းဆောင် အသောက ဓမ္မဗိမာန်တော်ကြီး တည်ဆောက်ရေး အတွက် ပထမအကြိမ်အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၁၉ ရက်က လှသီတာ ရတနာမိသားစုဓမ္မဂေဟာတွင် ကျင်းပရာ ဦးအေးမြင့်–ဒေါ်ခင်သန္တာဝေ(လှသီတာရတနာရွှေဆိုင်)မိသားစုက ငွေကျပ် သိန်း ၅၀ ပေးအပ်လှူဒါန်းရာ ပဓာနနာယကဆရာတော် ဦးကုဏ္ဍလ ရှေ့မှောက်တွင် နာယကမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးဝင်းကြိုင်က လက်ခံယူသည်။ **(အပေါ်ပုံ)**

အသောက ဓမ္မဗိမာန်တော်ကြီး အတွက် လှူဒါန်းလိုပါက တည်ဆောက်ရေး ဥက္ကဋ္ဌ ဦးအေးမြင့် ဖုန်း–၆၆၁၁၅၄၊ ၆၈၃၃၈၀၊ ၆၈၄၇၇၉၊ ၀၉–၅၀–၁၉၃၁၆၊ ဗိုလ်မှူးအောင်စိုး ဖုန်း–၆၆၄၅၀၃၊ ဦးတင်ဝင်း ဖုန်း–၆၆၇၅၁၁၊ ဦးတင်ထူးဖုန်း–၆၆၅၂၃၈၊ ဦးမြတ်ထွန်း ဖုန်း–၆၆၂၀၁၅၊ ဦးတိုး ဖုန်း–၀၉–၅၁–၁၄၁၁၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဓမ္မကထိကဆရာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာ့နုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ (၈၁)ကြိမ်မြောက် အကျိုးတော်ဆောင် ဓမ္မကထိကဆရာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲနှင့် အာစိဏ္ဏကံ ငွေပဒေသာပင် အလှူရှင်များအား မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ်၂၆ရက် နံနက်၉နာရီက အသင်းကြီးတည်ရှိရာ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင်လမ်း အမှတ် ၈၉၃ ကျင်းပရာ ဓမ္မကထိကဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြပြီး **(အပေါ်ပုံ)** အကျိုးတော်ဆောင်ချုပ် ဦးအေးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ဆရာတော်ဘဒ္ဒန္တဝါသေဋ္ဌ(ရွှေတောင်)နှင့် ဆရာတော် ဘဒ္ဒန္တ ပညာသီဟ နှစ်ပါးတို့က ဩဝါဒကထာ ချီးမြှင့်တော်မူကြပြီး ဆရာတော်ဘဒ္ဒန္တ ရာဇိန္ဒ (ရွှေတောင်၊ ဓမ္မာစရိယ)ထံမှ အနုမောဒနာတရားတော်နာယူကာ ရေစက်သွန်းချ အမျှပေးဝေကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ချီးမြှင့်မည်

ရန်ကုန် စက်တင်ဘာ ၇

၁၃၆၉ခုနှစ် ဝါခေါင်လကွယ်နေ့(စက်တင်ဘာ ၁၁ရက်) အင်္ဂါနေ့ မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဓမ္မာစရိယ၊ တိပိဋကဒီဃဘာဏက၊ ပိဋကတ်တစ်ပုံဆောင် ရန်ကုန်တိုင်း ဒါးပိန်မြို့နယ် ဇီးဖြူကုန်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တဝိလာသ အရှင်မြတ်နှင့် ညနေ၃နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ရွှေဘုံသာကျောင်း မြို့ရှေ့တိုက်ဦးစီးပဓာနနာယက ဘဒ္ဒန္တဝိဇ္ဇောဒယအရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုလည်းကောင်း၊ နံနက်၁၀နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ပုညသုခကျောင်း ပဓာနနာယက ဘဒ္ဒန္တမေဓာနန္ဒ အရှင်သူမြတ်က ဥပုသ်သီလပေး တရားတော်များကိုလည်းကောင်း ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ ဟောကြားချီးမြှင့်တော်မူမည်ဟု သိရသည်။

(က-ပ)

* ရှေ့ဖုံးမှ

ထို့နောက် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့အား မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်မော်မော်က ဖွင့်ပွဲအထိမ်းအမှတ် အလံကို ပေးအပ်သည်။

ဖွင့်လှစ်ပေး

ထို့နောက် တိုင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်သန်းသန်းနွဲ့က မိခင်ရင်သွေး ရိပ်မြုံ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါမိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံ အဆောက်အအုံသစ်အား မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကုလသမဂ္ဂလူဦးရေအဖွဲ့မှ မတည်ငွေကျပ်သိန်း ၅၀နှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ငွေကျပ် ၆၃သိန်း စုစုပေါင်း ငွေကျပ် ၁၁၃သိန်းဖြင့် မြို့နယ်အတွင်း ကိုယ်ဝန်ဆောင် မိခင်များမွေးဖွားခြင်းဆိုင်ရာ အရေးပေါ် ပေါ်ပေါက်လာပါက အချိန်မီအရည်အသွေးပြည့်ကျန်းမာရေး စောင့်ရှောက်မှုရရှိစေရန် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် သာပေါင်းမြို့ ပြည်အေးခန်းမ၌ ကျင်းပသော ကယ်ဆယ်ရေးပစ္စည်း ပေးအပ်ပွဲသို့တက်ရောက်ပြီးရေဘေးသင့် ကျေးရွာများမှ ကိုယ်စားလှယ်များအား ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်သည်။

သာပေါင်းမြို့နယ်အတွင်း ကျေးရွာအုပ်စု၁၇အုပ်စု၊ ရေဘေးသင့်အိမ်ထောင်စု ၆၇၉စုတို့အတွက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ပံ့လှူဒါန်းမှုမှာ ဆန်အိတ် ၁၇၀ဖြစ်ကြောင်း သိရသည်။

ထို့နောက် တိုင်းမှူးသည် အောင်ကျွန်းသာကျောင်းတိုက်၌ ကျင်းပသော ရေဘေးသင့်အိမ်ထောင်စုများကို ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ပွဲသို့ တက်ရောက်ပြီး တာဝန်ရှိသူများနှင့်အတူ ကယ်ဆယ်ရေး ပစ္စည်းများကို ပေးအပ်ရာ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ World First Aid Day

မခွဲမခြားရှေးဦးပြုစုပေးတာ ဘေးကင်းကျန်းမာ လူထုအတွက်ပါ

အရေးကြီးသောအဆင့် (၄) ဆင့်

၁။ အန္တရာယ်ကင်းရှင်းမှုသေချာရန်။
၂။ လူနာအခြေအနေကိုဆန်းစစ်ရန်။
၃။ အကူအညီတောင်းပါ။
၄။ လိုအပ်သလိုရှေးဦးပြုစုပေးပါ။

အပူလောင်ခြင်း

- ပူလောင်ခြင်းကို ဖယ်ရှားပါ။
- အေးသွားသည်အထိ ရေလောင်းပါ။
- ရေကြည်ဖုများကို မဖောက်ရပါ။
- ရေိယာပမာဏ၊ %၊ အသက်အရွယ်၊ အရေးကြီးနေရာများကို ဂရုပြုပါ။
- သန့်ရှင်းသော ပိတ်ပါးစဖြင့် ဖုံးအုပ်ပါ။

လူနာဆန်းစစ်ပုံအဆင့်ဆင့်

- လူနာနှင့်မိမိ အန္တရာယ်ရှိမှု။
- တုံ့ပြန်မှုရှိ/မရှိ။
- လေပြွန်လမ်းကြောင်းပွင့်/မပွင့်။
- အသက်ရှူ/မရှူ။
- သွေးလည်ပတ်မှုရှိ/မရှိ။
- စွမ်းဆောင်နိုင်မှုရှိ/မရှိ။

အရေပြားစုတ်ပြဲ ပွန်းပဲ့ခြင်း

- ဒဏ်ရာနေရာကို သန့်ရှင်းသောရေဖြင့်ဆေးပါ။
- သွေးထွက်နေပါက သန့်ရှင်းသောပိတ်ပါးစဖြင့် ဖုံး၍ဖိထားပေးပါ။
- သွေးဆက်ထွက်နေပါက ပိတ်ပါးစထပ်မံအုပ်၍ ပတ်တီးစည်းပြီးဆေးရုံသို့ပို့ပါ။

မြန်မာနိုင်ငံကြက်ခြေနီအသင်း Myanmar Red Cross Society

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်မောင်အေးအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်တင်လှူရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အုန်းတော ၂လမ်း အမှတ် ၇၁ နေ ဒေါ်အမာမိသားစုက မွေးနေ့မြတ်ဒါနအဖြစ် ထီးတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးစံရင်က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။

(က-ပ)

ကျောက်ချောလမ်းအတွက် ငွေလှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၇

စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရွှေဘိုမြို့နှင့် ညောင်ပင်သာ၊ မြင်းစီး၊ ဆင်အင်းကျေးရွာတို့နှင့် ဆက်သွယ်သည့် မြေနီလမ်းကို ကျောက်ချောလမ်းအဖြစ် နိုင်ငံတော်နှင့် ပြည်သူလူထုတို့၏ ထည့်ဝင်ငွေဖြင့် ကိုယ့်အားကိုယ်ကိုးခင်းကျင်းလျက်ရှိရာ ယင်းကျောက်ချောလမ်း အမြန်ပြီးစီးရေးအတွက် ဘဒ္ဒန္တကောဝိဒ အင်းဝကျောင်း သရက်တောကျောင်းတိုက် လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၄၇၀၃ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒိုင်နာယာဉ်ဘီးပေါက် ခရီးသည်များဒဏ်ရာရ

နေပြည်တော် စက်တင်ဘာ ၇

စစ်တွေမြို့မှ ရေချမ်းပြင်ရှိ နည်းပညာတက္ကသိုလ်(စစ်တွေ)သို့ ဝန်ထမ်းများ ပို့ဆောင်သည့် ယာဉ်မောင်း မောင်ကြီး မောင်းနှင်သော ဒိုင်နာယာဉ် အမှတ် ဈ/၈၉၇၉သည် ယနေ့နံနက် ၈နာရီခွဲခန့်က စစ်တွေ-ရေချမ်းပြင်လမ်းအတိုင်း မောင်းနှင်လာစဉ် ဗန္ဓုလရပ်တုအနီး၌ ယာဘက်ရှေ့ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ သစ်ပင်ကိုဝင်တိုက်မိခဲ့သည်။

ဆေးဝါးကုသပေး

ယာဉ်တိုက်မှုကြောင့် မော်တော်ယာဉ်ရှေ့ခန်း ကြေမွပျက်စီးသွားပြီး ယာဉ်ပေါ်တွင် လိုက်ပါလာသူ ၂၅ဦးအနက် အမျိုးသားသုံးဦးနှင့်အမျိုးသမီး၁၇ဦး စုစုပေါင်း၂၀ ထိခိုက်ဒဏ်ရာရရှိသဖြင့် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ ဆေးဝါးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

BBC, VOA, RFA အပါအဝင် ပြည်ပသတင်းဌာနများမှ ထုတ်လွှင့်ရာတွင် ဆန္ဒပြပွဲ၌ သံဃာတော်များ၏ ဦးခေါင်းကိုကျော်ပြီး သေနတ် ၁၀ချက်ခန့်ပစ်ခတ်ခဲ့ကြောင်း၊ သံဃာတော်များအား ရိုက်နှက်ဖမ်းဆီးခဲ့ကြောင်း၊ သံဃာတော်သုံးပါးအား ဓာတ်တိုင်တွင်ကြိုးဖြင့်တုပ်ပြီး ရိုက်နှက်ခဲ့ကြောင်း၊ ထိုရိုက်နှက်ခံရသည့်ဒဏ်ရာဖြင့် သံဃာတော်တစ်ပါး ပျံလွန်တော်မူကြောင်းနှင့် သံဃာအချို့ပြင်းထန်စွာ ဒဏ်ရာရခဲ့ကြောင်း၊ သွေးထိုးလှုံ့ဆော် ထုတ်လွှင့်ခဲ့ကြသည်။ ထို့ပြင် ပြည်တွင်းရှိ အဖျက်သမားများကလည်း ယခုဖြစ်စဉ်ကိုပုံကြီးချဲ့ပြီး သံဃာများသွေးမြေကျနေကြောင်း၊ သံဃာများဒဏ်ရာရနေကြောင်း၊ သံဃာများအဖမ်းခံနေရကြောင်း၊ သံဃာများ ပျံလွန်တော်မူကြောင်းစသည်ဖြင့် တယ်လီဖုန်းဖြင့်လည်းကောင်း၊ တီးတိုးဝါဒဖြန့်၍ လည်းကောင်း နည်းမျိုးစုံသုံး၍ မမှန်မကန် သွေးထိုးလှုံ့ဆော်လျက်ရှိကြသည်။ အမှန်မှာ သံဃာတော်များအား ဖမ်းဆီးခြင်း၊ ရိုက်နှက်ခြင်း လုံးဝမရှိသည့်အတွက် သံဃာတစ်ပါးမျှပင် ထိခိုက်ဒဏ်ရာရရှိခြင်း၊ ပျံလွန်တော်မူခြင်းမရှိကြောင်း။ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်၏ အသက်ဘေး ကာကွယ်ရန်အတွက်သာ လက်နက်ငယ်ဖြင့် သုံးချက်မိုးပေါ်ထောင် ပစ်ဖောက်ခြောက်လှန့်၍ လူစုခွဲခဲ့ခြင်းသာ ဖြစ်ကြောင်းသိရသည်။

ပြန်လည်လွှတ်ပေးခဲ့

စက်တင်ဘာ ၆ရက်တွင်လည်း အဆိုပါဖြစ်စဉ်မျိုး ထပ်မံဖြစ်ပွားခြင်း မရှိစေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူ ၂၀ပါဝင်သောအဖွဲ့က ပခုက္ကူမြို့ အလယ်တိုက်ကျောင်းတိုက်သို့ သွားရောက်ပြီး ဆရာတော်ကြီးများအားလျှောက်ထားနေစဉ် သံဃာအပါး ၅၀ခန့်က ကျောင်းတိုက်အပြင်ဘက်တွင် ရပ်ထားခဲ့သော ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ ကားလေးစီးကိုထုရိုက်ဖျက်ဆီးမီးရှို့ခဲ့ကြောင်း၊ ကျောင်းတိုက်အတွင်း ပိတ်မိနေသော အဆိုပါဌာနဆိုင်ရာတာဝန်ရှိသူ၂၀တို့ကိုလည်း ညနေ ၄နာရီတွင်မှ သံဃာတော်များက ပြန်လွှတ်ပေးခဲ့ကြောင်း၊ ယင်းအကြမ်းဖက်မှုတွင် သက်ဆိုင်ရာတာဝန်ရှိသူများက အကြမ်းဖက်မှုကျူးလွန်သူများကို ဖမ်းဆီးမှုများ မပြုလုပ်ခဲ့ဘဲ အခြေအနေ ပိုမိုဆိုးရွားမလာစေရေးထိန်းထိန်းသိမ်းသိမ်းဖြင့်သာ စောင့်ကြည့်ခဲ့ကြောင်းသိရှိရသည်။

စက်တင်ဘာ ၆ရက် ည၉နာရီ မိနစ်၄၀ခန့်တွင် သံဃာအပါး ၄၀ခန့်သည် ပခုက္ကူမြို့ (၃)ရပ်ကွက်နေ ဦးခင်မောင်ဝင်း၏ နေအိမ်ကို ဖြိုချဖျက်ဆီးခဲ့ကြောင်း၊ ထို့နောက် အမှတ်(၁)ရပ်ကွက်ရှိ ဦးလှဝင်းနိုင်၏ နေနတ်သားစတိုးဆိုင်ကို ဆက်လက်ဖျက်ဆီးခဲ့ရာ စတိုးဆိုင်အတွင်းရှိ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းများ၊ တယ်လီဖုန်း Hand Setများ၊ မီးချောင်းများ၊ ဗွီစီဒီစက်များ၊ TVများ ကျပ်သိန်း ၃၅၀ ဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ ၎င်းည ၁၁နာရီ မိနစ် ၂၀ခန့်တွင် ယင်းစတိုးဆိုင်ရှေ့သို့ သံဃာအပါး ၆၀ ခန့်နှင့် ရွှေချောင်းတံတားပေါ်တွင် သံဃာအပါး ၆၀ခန့်ရောက်ရှိလာပြီး စက်တင်ဘာ ၇ရက် နံနက် ၁နာရီခန့်တွင် လူစုကွဲသွားခဲ့ကြောင်း သိရသည်။

ပြည်ပသတင်းဌာနများ သတင်းများချဲ့ကား

အထက်ပါဖြစ်စဉ်များတွင် ဦးခင်မောင်ဝင်း၏ နေအိမ်နှင့်ဦးလှဝင်းနိုင်၏ စတိုးဆိုင်တို့ကို သံဃာများက အကြမ်းဖက်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ခြင်းမှာ ပခုက္ကူ NLDနှင့် RFAသတင်းဌာနတို့၏ ပူးပေါင်းကြံစည် သွေးထိုးလှုံ့ဆော်ထုတ်လွှင့်မှုတွင် စက်တင်ဘာ ၅ရက် သံဃာတော်များ၏ လမ်းလျှောက်ဆန္ဒပြမှုကို လူစုခွဲရာ၌ ဦးခင်မောင်ဝင်းနှင့်ဦးလှဝင်းနိုင်တို့ ပါဝင်ခဲ့ကြောင်း မမှန်မကန် လုပ်ကြံထုတ်လွှင့်ခဲ့သဖြင့် သံဃာတော်များက ဦးခင်မောင်ဝင်းနှင့်ဦးလှဝင်းနိုင်တို့အား ကလဲ့စားချေ တုံ့ပြန်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခုဖြစ်စဉ်တွင် ပခုက္ကူ NLD အနေဖြင့် နိုင်ငံတော်အစိုးရကို ဆန့်ကျင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာ၌ ပြည်သူများအား ဆွဲဆောင်စည်းရုံးမှုမအောင်မြင်သဖြင့် သံဃာတော်များ ပါဝင်လာအောင် သွေးထိုးလှုံ့ဆော်ခဲ့ခြင်းဖြစ်သည့်အပြင် ပြည်ပသတင်းဌာနများသို့ သတင်းများကိုချဲ့ကား၍ မမှန်မကန်ပေးပို့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုဖြစ်စဉ်များကို ကြားသိတွေ့မြင်ရသော ပြည်သူများက သက်ဆိုင်ရာတာဝန်ရှိသူများ အနေဖြင့်လည်း သံဃာတော်များအပေါ် ဂါရဝတရားရှေ့ထား၍ သဘောထားကြီးစွာဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေသည်ကို နားလည်သဘောပေါက်ပါကြောင်း၊ ယခုကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များသည် ပြည်သူလူထု၏ စားဝတ်နေရေးအား အနည်းနှင့်အများဆိုသလို ထိခိုက်နစ်နာစေကြောင်း၊ ထိုဖြစ်စဉ်များ ထပ်မံဖြစ်ပေါ်မလာစေရေး ဆရာဒကာ ပြည်သူတစ်ဦးချင်းအလိုက် သံဃာတော်များအား လျှောက်ထားဆောင်ရွက်သင့်ကြောင်း၊ ကျောင်းတိုက်အသီးသီးတွင် သီတင်းသုံးနေကြသည့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအနေဖြင့်လည်း ယခုကဲ့သို့ အကြမ်းဖက်မှုများ ထပ်မံမဖြစ်ပေါ်အောင် ထိန်းသိမ်းသွားမည်ဟု မျှော်လင့်ပါကြောင်း စသည်ဖြင့်ပြောဆိုလျက်ရှိသည်။ ထို့အတူ ဝိနည်းတော်နှင့်အညီ ကျင့်ကြံနေထိုင်ကြသော သံဃာတော်အများစုအနေဖြင့် ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကို လိုလားမှုမရှိကြောင်း၊ သာသနာအကျိုးကိုသာ အေးချမ်းစွာဖြင့် သယ်ပိုးဆောင်ရွက်လိုသည့် ဆန္ဒရှိကြောင်း သတင်းများရရှိသည်။ **(သတင်းစဉ်)**

စာတတ်မြောက်မှုနှုန်းမြင့်မားလျှင် မိခင်နှင့်ကလေးများ ကျန်းမာရေးတိုးတက် လူတိုင်းစာတတ်မြောက်ရေး ကမ္ဘာအနှံ့အားထုတ်မှုကို နှစ်ဆတိုးကြိုးပမ်း

ရန်ကုန် စက်တင်ဘာ ၇

၂၀၀၇ ခုနှစ် စက်တင်ဘာ ၈ ရက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ပေးပို့သည့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့၏ အဓိကဦးတည်ချက်မှာ 'ကျန်းမာရေးနှင့် စာတတ်မြောက်ရေး' ဖြစ်ပါသည်။ ထို့ကြောင့် စာတတ်မြောက်ရေးသည် ကမ္ဘာအနှံ့ ကျန်းမာရေးအခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ရာ၌ အဓိကကျသော အခန်းကဏ္ဍကပါဝင်နေကြောင်း မီးမောင်းထိုးပြနေပါသည်။

ပြုစုပျိုးထောင်ပေး

စာတတ်မြောက်ရေးနှင့် ကျန်းမာရေးအကြားတွင် အရေးကြီးသော ဆက်သွယ်မှုများစွာ ရှိပါသည်။ အမျိုးသမီးများနှင့် အမျိုးသားများ၏ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သောစွမ်းရည်များနှင့် မိမိကိုယ်ကို မိမိယုံကြည်မှုများ ရရှိရန်အတွက် စာတတ်မြောက်ရေးဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လေ့ကျင့်မှုများကို အင်အားရှိသော ကိရိယာများအဖြစ် အသုံးပြုနိုင်ပါသည်။ စာတတ်သောမိခင်များက ပြုစုပျိုးထောင်ပေးသော ကလေးများသည် ကျန်းမာစွာကြီးထွားရန်နှင့် ပညာတတ်ရန် အခွင့်အလမ်းများ ပိုမိုရရှိကြပါသည်။ ထို့ကြောင့် စာတတ်မြောက်ခြင်းသည် လူတစ်ဦးချင်းသာမက မိသားစုနှင့် လူ့အသိုက်အဝန်းတစ်ခုလုံးကို အကျိုးများစေပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးအခွင့်အလမ်းများကို တစ်ကြိမ်တည်း၊ တစ်ပြိုင်တည်း မြှင့်တင်ပေးနိုင်ပါသည်။ ဥပမာအားဖြင့် ကလေးသူငယ်များ ရောဂါမဖြစ်ပွားအောင် ကာကွယ်ရေးအလေ့အကျင့်များသည် စာတတ်မြောက်ရေးသင်တန်းများတွင် အသုံးဝင်သကဲ့သို့ ကလေးများကို ကျောင်းသို့ပို့ရန် ပြင်ဆင်နေသော မိဘများအတွက်လည်း အထောက်အကူဖြစ်စေပါသည်။ စာတတ်မြောက်ရေးအစီအစဉ်တွင် ကျန်းမာရေးကဏ္ဍကို ထည့်သွင်းခြင်းသည် ကျန်းမာရေးနှင့် လွှမ်းခြုံနေသောကမ္ဘာကြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ခြင်းဖြစ်သဖြင့် စာတတ်မြောက်ရေးအစီအစဉ်များတွင် ကျန်းမာရေးအသိပညာများကို စတင်ထည့်သွင်း သင်ကြားနိုင်ပါသည်။

ဆက်လက်ဆောင်ရွက်

ယခုနှစ်သည် ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်(၂၀၀၃–၂၀၁၂)၏ နှစ်ဝက်ကာလသို့ ရောက်ရှိချိန်ဖြစ်ပါသည်။ သို့တိုင်အောင် ကမ္ဘာတွင် ယနေ့အထိ သက်ကြီးစာမတတ်သူ ၇၇၄ သန်းနီးပါးခန့်ရှိနေပြီး ၎င်းတို့အနက်မှ သုံးပုံနှစ်ပုံမှာ အမျိုးသမီးများဖြစ်ပါသည်။ ကျောင်းနေအရွယ်ကလေးဦးရေ ၇၂ သန်းကျော်မှာ ကျောင်းများသို့ မရောက်ရှိကြသေးပါ။ ဤကိန်းဂဏန်းများက ပြည်သူများကို ပညာရေးဆိုင်ရာ အခွင့်အလမ်းများပေးရန်နှင့် စာတတ်မြောက်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် သတိပေးနေခြင်း ဖြစ်ပါသည်။

ယခုနှစ်သည် ၂၀၁၅ ခုနှစ်တွင် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များကို ရောက်ရှိရန်အတွက် ကြားကာလအလယ် နှစ်တစ်နှစ်လည်း ဖြစ်ပါသည်။ ထိုရည်မှန်းချက်များထဲမှ တစ်ခုမှာ အများစုသင်ယူနိုင်သော မူလတန်းပညာရေးကို ရရှိရန်ဖြစ်ပြီး စာတတ်မြောက်ရေးလုပ်ငန်းများဖြင့် အစပျိုးရမည် ဖြစ်ပါသည်။ စာတတ်မြောက်မှုနှုန်း မြင့်မားမှသာလျှင် မိခင်နှင့်ကလေးများ ကျန်းမာရေး တိုးတက်ကောင်းမွန်လာနိုင်မည်။ အိတ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်ရောဂါ၊ ငှက်ဖျားရောဂါနှင့် အခြားရောဂါများကိုလည်း ကာကွယ်တားဆီးနိုင်ပေမည်။ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှု အခြားသောရည်မှန်းချက်များကိုလည်း ပြည့်မီနိုင်မည်ဖြစ်ပါသည်။ အားလုံးခြုံကြည့်လျှင် စာတတ်မြောက်ခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်ထိန်းထားနိုင်ပါသည်။ စာတတ်မြောက်ခြင်းသည် အလွန်အကျွံ ဆင်းရဲမွဲတေမှုကို ပပျောက်စေပါသည်။ ကျား၊ မ တန်းတူအခွင့်အရေး ရရှိမှုကို မြင့်တက်စေပါသည်။ ပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲမှုကို ထိန်းသိမ်းထားနိုင်ပါသည်။

ဝိုင်းဝန်းပူးပေါင်းဖြေရှင်း

ကမ္ဘာတွင်စာတတ်မြောက်ရေးဆိုင်ရာ စိန်ခေါ်မှုများ ကျန်ရှိနေပါသေးသည်။ ၎င်းစိန်ခေါ်မှုများကိုအစိုးရများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် လူတစ်ဦးချင်းပါမကျန် ဝိုင်းဝန်းပူးပေါင်း၍ ဖြေရှင်းရမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျန်းမာရေးအတွက် စာတတ်မြောက်ခြင်းသည် မရှိမဖြစ်လိုအပ်သော စွမ်းအားတစ်ရပ် ဖြစ်ပါသည်။ ယခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် ကျွန်ုပ်တို့၏ အဆုံးစွန်ရည်မှန်းချက်ဖြစ်သော လူတိုင်းစာတတ်မြောက်ရေးကို ရောက်ရှိစေရန်အတွက် ကမ္ဘာအနှံ့တွင် စာတတ်မြောက်မှုနှုန်းများကို မြှင့်တင်ရန် ကျွန်ုပ်တို့၏အားထုတ်မှုကို နှစ်ဆတိုး၍ ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

ဆန်းသစ်ခေတ်မီ လင်းရောင်ခြည်

ကာချင်း

* စာမတတ်သူ နုံအထူ
လူဖြစ်ရှုံးနိမ့်လော၊ ရှုံးနိမ့်လော။
ရှုံး... နိမ့်၊ ရှုံး... နိမ့်။

* စာမတတ်လျှင် မျက်ကန်းအသွင်
အမြင်ကျဉ်းမြောင်းလော၊ ကျဉ်းမြောင်းလော။
ကျဉ်း...မြောင်း၊ ကျဉ်း...မြောင်း။

* အသိမရှင်း အမြင်ကျဉ်း
ဆင်းရဲနုံချာလော၊ နုံချာလော။
နုံ... ချာ၊ နုံ... ချာ။

* ဆင်းရဲခြင်းဘေး ကင်းလွတ်ရေး
အားပေးစာသင်မယ်၊ စာသင်မယ်။

* စာမတတ်သူ ဝိုင်းလို့ကူ
လူတိုင်းပါဝင်တယ်၊ ပါဝင်တယ်။

* စာတတ်မြောက်ရေး သင်ကြားပေး
လေးနက်မွန်မြတ်တယ်၊ မွန်မြတ်တယ်။

* တစ်ယောက်နှစ်ယောက် သုံးလေး...ယောက်
ကောက်သင်းကောက်ယူ စာသင်မယ်၊ စာသင်မယ်။

* တစ်ယောက်မကျန် စာတတ်ရန်
သန္နိဋ္ဌာန်ဖြင့်ဆောင်ရွက်မယ်၊ ဆောင်ရွက်မယ်။

* စာတတ်ပြီဆို စာဖတ်လို
ဘယ်ကိုသွားရမယ်၊ သွားရမယ်။

* ဖတ်မှတ်လေ့လာ ဆည်းပူးစရာ
စာကြည့်တိုက်ဆီသွားရမယ်၊ သွားရမယ်။

* ရပ်ရွာပညာ ပဒေသာ
လေ့လာမှတ်ဖို့ စုံလှတယ်၊ စုံလှတယ်။

* ရေးဖတ်အတွက် ဉာဏ်ရည်ထက်
စဉ်ဆက်မပြတ် စာဖတ်မယ်၊ စာဖတ်မယ်။

* အစဉ်လေ့လာ သင်ယူကာ
ပညာခေတ်ကို ရင်ဆိုင်မယ်၊ ရင်ဆိုင်မယ်။

* လူတိုင်းစာတတ် စာတွေဖတ်
မှတ်ဉာဏ်အသိတိုးပွားကြွယ်၊ တိုးပွားကြွယ်။

* တိုးပွားဉာဏ်ရည် အမြင်ကြည်
ခေတ်မီဆန်းသစ်တယ်၊ ဆန်းသစ်တယ်။

* ဆန်းသစ်ခေတ်မီ လင်းရောင်ခြည်
စည်သာဖွံ့ဖြိုးကြွယ်၊ ဖွံ့ဖြိုးကြွယ်။

* စည်သာဖွံ့ဖြိုး အသိတိုး
ကောင်းကျိုးဆောင်နိုင်တယ်၊ ဆောင်နိုင်တယ်။

* တတ်စေလော...။
ဖတ်စေလော...။
မှတ်စေလော...။ ။

ရေနံ့သာမောင်ကျော်ညွန့်

စာတတ်မြောက်သော ကမ္ဘာကြီးတည်ဆောက်ရန် ဝိုင်းဝန်းကြိုးပမ်း ဘဝသာယာချမ်းမြေ့ခြင်းသည် စာတတ်မြောက်ခြင်း၏ သော့ချက်ဖြစ်

ရန်ကုန် စက်တင်ဘာ ၇

၂၀၀၇ ခုနှစ် စက်တင်ဘာ ၈ ရက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် ယူနက်စကို ညွှန်ကြားရေးမှူးချုပ် မစ္စတာ ကိုအီချီရို မတ်ဆုရာ၏ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ယနေ့အချိန်အခါသည် ၂၀၀၇ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပနေသည့် အခါသမယဖြစ်ပါသည်။ ယူနက်စကိုအနေဖြင့် နှစ်ပေါင်း ၄၀ ကျော် နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့ ရောက်သည့်အခါတိုင်း စာတတ်မြောက်ရေးနှင့် သက်ကြီးစာဖတ်ရေးတို့နှင့် ပတ်သက်၍ ဖြစ်တည်နေသည့် အနေအထားကို နိုင်ငံတကာလူ့အဖွဲ့အစည်းသို့ အသိပေးလေ့ရှိပါသည်။ ယနေ့တိုင်အောင် နည်းမျိုးစုံ ဘက်စုံထောင့်စုံက မည်သို့ပင်ကြိုးပမ်းစေကာမူ လူတိုင်းစာတတ်မြောက်ရေးပန်းတိုင်ကို မရောက်ရှိကြသေးပါ။ ယခု ၂၀၀၇ ခုနှစ်သည် ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်(၂၀၀၃–၂၀၁၂)၏ ခရီးတစ်ဝက်ဖြစ်သည့်အတွက် တစ်ကမ္ဘာလုံး၏ စာတတ်မြောက်ရေးစိန်ခေါ်မှုများကို ပြန်လည်သုံးသပ်ရမည့် အချိန်အခါပင် ဖြစ်ပါသည်။

စာဖတ်စွမ်းရည်ထိန်းသိမ်း

ယနေ့ ကမ္ဘာကြီးတွင် ၇၇၄ သန်းသော လူကြီးများသည် အခြေခံစာတတ်မြောက်မှု မရှိသေးဘဲ ၎င်းတို့၏ သုံးပုံနှစ်ပုံသည် အမျိုးသမီးများဖြစ်နေပါသည်။ လူကြီးငါးယောက်အနက် တစ်ယောက်မှာ စာလုံးဝမတတ်သေးဘဲ ကလေး ၇၂ ဒသမ ၁ သန်းသည် ကျောင်းပြင်ပသို့ရောက်နေကြပြီး ကလေးတော်တော်များများမှာလည်း ပုံမှန်ကျောင်းသို့ မတက်ရောက်နိုင်ကြသောကလေးသို့မဟုတ် ကျောင်းထွက်သွားကြရသော ကလေးများဖြစ်နေကြပါသည်။ ထို့အပြင် စာတတ်မြောက်သည့် ပတ်ဝန်းကျင်တွင် စာဖတ်ရန်စာစဉ်များနှင့် သင့်တော်လျော်ကန်သော ပုံနှိပ်ထုတ်ဝေသည့်စာအုပ်များ အပြည့်အဝမရရှိနိုင်သည့်အတွက် စာဖတ်တတ်စသူများအနေဖြင့် ၎င်းတို့၏စာဖတ်စွမ်းရည်ကို ဆက်လက်ထိန်းသိမ်းမထားနိုင်ကြသော ရလဒ်များလည်း ရှိနေပါသည်။

ထိုအရေအတွက်သည် တစ်ကမ္ဘာလုံး စာတတ်မြောက်ရေးစိန်ခေါ်မှု၏ အထင်ကရ အချက်တစ်ရပ်ဖြစ်ပြီး ရင်ဆိုင်နေကြရသော ခက်ခဲနက်နဲသည့် အခြေအနေများ၏ တစ်စိတ်တစ်ဒေသမျှ ဖြစ်ပါသည်။ မည်သူစာတတ်သည်၊ မည်သူစာမတတ်ပါဆိုသည့် အချက်အပေါ် နားလည်သဘောပေါက်မှုများသည် ခေတ်စနစ်အရ ပြောင်းလဲလျက်ရှိပြီး မူဝါဒနှင့် အခြေခံသဘောတရားနှစ်ရပ်စလုံး အတွက် အကောင်အထည်ဖော်ဆောင်မှုအသစ်များကို တိုးတက်ဖြစ်ထွန်းလာစေပါသည်။ ကျယ်ပြန့်သော လူမှုရေး၊ စီးပွားရေးနှင့် နည်းပညာပြောင်းလဲမှုများကို ရင်ပေါင်တန်းနိုင်ရန် ခေတ်ပြိုင်လူ့အဖွဲ့အစည်းများအတွင်း စာတတ်မြောက်ရေးဆောင်ရွက်ချက်များကို အလျင်အမြန်ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အမှန်စင်စစ် စာတတ်မြောက်ရေး သဘောထားအယူအဆများ၊ သဘောပေါက်မှုများကသာလျှင် ကမ္ဘာ့တစ်နံတစ်လျားရှိ အမျိုးသား၊ အမျိုးသမီးများ၏ နေ့စဉ်ဘဝတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော စာတတ်မြောက်ရေးလှုပ်ရှားဆောင်ရွက်မှု အမျိုးမျိုးကို စွမ်းဆောင်စေနိုင်မည်ဖြစ်သည်။

အကျိုးသက်ရောက်မှုများရရှိ

ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့တွင် စာတတ်မြောက်ရေးနှင့် ကျန်းမာရေးဆက်စပ်အရေးကြီးပုံကို အထူးအာရုံစူးစိုက်ထားပါသည်။ ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်၏ အလယ်နှစ်များဖြစ်သည့် ၂၀၀၇–၂၀၀၈ ခုနှစ်များ၏ အဓိကအာဘော်လည်းဖြစ်ပါသည်။ ဤဆက်စပ်မှုသည် ကလေးဘဝ အစောပိုင်း၊ ကျောင်းနေအရွယ်ကလေးနှင့် ပျိုဖော်ဝင်ရွယ်များအပါအဝင် လူကြီးအားလုံးအတွက်ပါ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ ဤအကျိုးအမြတ်များမှတစ်ဆင့် အမျိုးသမီး၊ အမျိုးသားများအတွက် မိမိကိုယ်မိမိ စိတ်ချယုံကြည်မှုနှင့် ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်နိုင်မှုများရရှိလာစေနိုင်မည်ဖြစ်ပြီး ၎င်းမှတစ်ဆင့် တစ်ဦးတစ်ယောက်ချင်းနှင့် မိသားစုများ၊ ရပ်ရွာလူ့အဖွဲ့အစည်းများ၏ ကျန်းမာရေးအတွက် အကျိုးသက်ရောက်မှုများ ဆက်လက်ရရှိလာမည် ဖြစ်ပါသည်။ စာတတ်မြောက်ခြင်းသည် လူသားများ၏ ကျန်းမာရေးအကျိုးကျေးဇူးကို ရရှိစေရုံသာမက ပညာရေးအခွင့်အလမ်းများကိုလည်း ပွင့်လန်းစေမည်ဖြစ်ပါသည်။ မိမိအတွက်သာမက နေမကောင်းဖြစ်နေသော ကလေးငယ်အတွက်ပါ ဆေးကုသမှုအကူအညီကို ရှာဖွေနိုင်ခြင်း၊ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်မှုအနေဖြင့် ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်နိုင်ခြင်း၊ မိသားစုစီမံကိန်းဆိုင်ရာ အသိပညာ ဗဟုသုတများ ပိုမိုရရှိနိုင်ခြင်းစသည်တို့သည် စာတတ်မြောက်ခြင်း၏ အကျိုးဆက်များပင် ဖြစ်ပါသည်။ ငယ်ရွယ်သော ကလေးငယ်များအတွက်သာမက လူသားအားလုံးအတွက် ကျန်းမာခြင်းနှင့် အာဟာရသည် ထိရောက်သော သင်ယူမှုအတွက် မရှိမဖြစ်လိုအပ်ပါသည်။ စာတတ်မြောက်သော၊ စာရေးစာဖတ်တတ်သော မိဘများ၊ အထူးသဖြင့် မိခင်များ ကျောင်းပညာရေးမှဖြစ်စေ၊ သက်ကြီးပညာရေးမှဖြစ်စေ စာတတ်လာသူများသည် ၎င်းတို့၏ ကလေးငယ်များကို ပိုမို၍ ကျောင်းသွားစေလိုကြသည့်အပြင် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုနားလည်လုပ်ဆောင်ပေးနိုင်ကြပါသည်။

သော့ချက်ဖြစ်

စာတတ်မြောက်ရေးကို လူတိုင်းအတွက် ပညာရေးနှင့် တစ်သားတည်းဖြစ်စေခြင်းနှင့် ကျန်းမာရေးအခြေအနေ မြှင့်တင်ခြင်းအတွက် အခြေခံလိုအပ်ချက်အဖြစ်ရှုမြင်ရန် အားသစ်မာန်သစ်ဖြင့် ဝိုင်းဝန်းကူညီအားပေးထောက်ခံဆောင်ရွက်သွားကြပါရန် ၂၀၀၇ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများကို တောင်းဆိုလိုပါသည်။ ကျန်းမာခြင်းနှင့် စာတတ်မြောက်ခြင်းသည် သီးခြားစီ တည်ရှိနေခြင်းမဟုတ်၊ စာတတ်မြောက်ခြင်းသည် ကောင်းသော ကျန်းမာခြင်းနှင့် ဘဝသာယာချမ်းမြေ့ခြင်းအတွက် သော့ချက်ဖြစ်ပါသည်။

စာတတ်မြောက်သော ကမ္ဘာကြီးကို တည်ဆောက်ရန် ကျွန်ုပ်တို့ ယခုပင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့၊ စာတတ်မြောက်ခြင်း၏ လူသားအကျိုးပြုမှု၊ လူမှုရေးအကျိုးပြုမှုကို မျှဝေခံစားကြပါစို့၊ ကျွန်ုပ်တို့အနေဖြင့် ကမ္ဘာတစ်ဝန်းရှိ သန်းပေါင်းများစွာသော ယောကျ်ား၊ မိန်းမနှင့် ကလေးအားလုံး အကျိုးအတွက် စာတတ်မြောက်ရေးနှင့် ကျန်းမာရေးဆက်စပ်မှု အားကောင်းလာအောင် အသေအချာဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။ ။

ကိုအီချီရို မတ်ဆုရာ။

ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အခြေခံအိမ်တွင်းမှု၊ အဆင့်မြင့်စက်ချုပ်နှင့် သိုးမွေးစက်ဆွဲသင်တန်းများဖွင့်

တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၄၆)၊ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၁၈)၊ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ်(၅)၊ အိမ်တွင်းမှု လက်မှုသင်တန်း(ကြိမ်/ဝါး)အမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်၂၇ရက်က အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားပြီး ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့တို့မှ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး သင်တန်းအသီးသီးသို့ သင်တန်းသူ ၂၅ဦး တက်ရောက်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် တိုင်းမှူးက ငွေကျပ် သုံးသိန်း၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် တစ်သိန်း၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ် တစ်သိန်း စုစုပေါင်းငွေကျပ်ငါးသိန်းကို သင်တန်းသုံးပစ္စည်းများ ထောက်ပံ့ပေးရန် လှူဒါန်းကြသည်။

အလားတူ ကယားပြည်နယ် လွိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၃၉)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၈)၊ အိမ်တွင်းမှု လက်မှုသင်တန်း(ကြိမ်/ဝါး) အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင် တက်ရောက် အမှာစကား ပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့တို့မှဖိတ်ကြားထားသူများ တက်ရောက်ကြပြီး သင်တန်းအသီးသီးသို့သင်တန်းသူ၄၈ဦး တက်ရောက်ကြသည်။ သင်တန်းဖွင့်ပွဲတွင် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်တင်ကြည်က သင်တန်းသူများ စားစရိတ်အတွက် ငွေကျပ်တစ်သိန်း ထောက်ပံ့သည်။

သင်တန်းဖွင့်ပွဲများကျင်းပ

ထို့အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်၊ တာချီလိတ်မြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၏ သင်တန်းဖွင့်ပွဲများကိုလည်း ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ် ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ညောင်ပင်လေးပလာဇာနေ မအောင်ဝိုးသိမ်းနှင့် ဓမ္မမိတ်ဆွေများက ကျောင်းအလှူငွေကျပ်၇၂၉၁၀၀နှင့် အမေရိကန်ဒေါ်လာ တစ်ရာကို ကျောင်းဖြစ်မြောက်ရေး အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ (မြစ်ကျိုး) ရှေ့မှောက်၌ လှူဒါန်းရာ အကျိုးဆောင် ဒေါ်ကေသက်မော်က လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ကန်ရိပ်သာလမ်း အမှတ် ၁၉/၃နေ ဦးဇော်ဝင်းမြင့်-ဒေါ်ထွေးထွေးဇံတို့က ငွေကျပ်တစ်သိန်းနှစ်သောင်းငါးထောင်ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်က အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (က-ပ)

(အနောက်)စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက် ဒုတိယအကြိမ် ဝါတွင်း ၁၀ရက် တရားစခန်း

ရန်ကုန် စက်တင်ဘာ ၇

အင်းတကော်မြို့ (အနောက်) စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တနန္ဒိယ (ဆရာတော်ဦးမဟာနာမ်) ဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ စက်တင်ဘာ ၁၉ရက်မှ ၂၈ရက် (တော်သလင်းလဆန်း ၈ ရက်မှ တော်သလင်းလပြည့်ကျော် ၂ ရက်အထိ) စွန်းလွန်းဂူ ဝိပဿနာတရားစခန်းကို ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများနှင့် လှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း-၀၉-၅၀-၀၀၃၁၃၊ ၀၁-၅၇၂၉၂၈၊ ၀၁-၅၇၇၀၂၉၊ ၀၁-၅၆၁၆၃၇၊ ၀၁-၅၇၃၁၅၁တို့သို့ ဆက်သွယ် စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မူးယစ်ကင်းစင် အလှဆင်

မြဝတီရုပ်မြင်သံကြား

၈-၉-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၅ ၅။ မြန်မာ့သံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂း၂၅ ၅။ ကျန်းမာသုတ
- ၁၂း၃၀ ၆။ ရုပ်မြင်သံကြားဇာတ်လမ်း **ကိုယ်တိုင်ရေး ရာဇဝင်** (ဒုတိယပိုင်း)

သရုပ်ဆောင်-ဒွေး၊ လွင်မိုး၊ နန္ဒာလှိုင်၊ ခိုင်သင်းကြည် ဒါရိုက်တာ-မောင်မျိုးမင်း (ရင်တွင်းဖြစ်)

- ၁၃း၅၀ ၇။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၄း၃၅ ၄။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၅း၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၇။ နိုင်ငံတကာသတင်း
- ၆း၃၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၆း၄၀ ၉။ လျှပ်တစ်ပြက်
- ၆း၄၅ ၁၀။ အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
- ၇း၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုယ့်အချစ်ဆုံး** (အပိုင်း-၄)
- ၈း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၃။ မိုးလေဝသသတင်း
- ၁၄။ အမျိုးသားရေးတေးကဗျာ
- ၁၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၆။ Euro 2008 ခြေစစ်ပွဲ ဘောလုံးပွဲ အစီအစဉ် England Vs Israel (Live)

အင်းစိန် အလက(၂) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေး နှင့် ပညာရည်ချွန် ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဦးကြည်က ဆဋ္ဌမတန်းဘာသာစုံ ထူးချွန်ဆုရ မောင်ဇွဲဇင်ဇော်မြင့်အား ဆုချီးမြှင့်စဉ်။ (က-ပ)

လားရှိုးမြို့ ရေပေးရေး တိုးချဲ့ဆောင်ရွက်

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေး တိုးချဲ့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၀ ရက်က သာသနာ ၂၅၀၀ ဘုရား တောင်ဘေးတွင် ရေစုကန် တိုးချဲ့ တည်ဆောက်ခြင်းနှင့် ပိုက်လိုင်း မြေသားမြောင်းများ တူးဖော်မှုကို ညွှန်ကြားရေးမှူး ဦးညို ဝင်းမြင့်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမင်းဟန်နှင့် အင်ဂျင်နီယာမှူးတို့က ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ကျောက်ပန်းတောင်း ကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေး

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၇)ကို စက်တင်ဘာ ၆ရက် နံနက်က မြို့နယ်အသင်းရုံးခန်းမတွင် ကျင်းပရာ ကျောက်ပန်းတောင်း မြို့နယ်အတွင်းရှိ ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း ပညာရေး၊ လူမှုရေး၊ စည်းရုံးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ထူးချွန်စွာဆောင်ရွက်ခဲ့ကြသူများအား မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ဝင်းကြည်၊ ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မျိုးလွင်၊ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ပေးပြီး အခမ်းအနားသို့ အသင်းဝင် စုစုပေါင်း ၂၅၀ တက်ရောက်ကြသည်။ **(မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

မကွေးတိုင်းစည်ပင်ညွှန်မှူး ရေနံချောင်း ရေပေးရေး စက်ရုံစစ်ဆေး

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ရေပေးရေးစက်ရုံမှ ရေပေးဝေမှုကို စက်တင်ဘာ ၂ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်တို့က ရေပေးဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

တတိယအကြိမ် သွေးလှူဒါန်းပွဲ ကျင်းပမည်

ဒေါပုံမြို့နယ် ထေရဝါဒ ဗုဒ္ဓဘာသာ ထိန်းသိမ်းစောင့်ရှောက်ရေး အသင်းကြီးက တတိယအကြိမ် သွေးလှူဒါန်းပွဲကို စက်တင်ဘာ ၉ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဒေါပုံမြို့နယ် ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ သွေးလှူဒါန်းလိုသူများ ဒေါပုံမြို့နယ် မြို့သစ်ရပ်ကွက် သာသနဝံသ ပရိယတ္တိ စာသင်တိုက်၌ ညနေ ၄နာရီမှ ၆ နာရီအတွင်း လာရောက်စာရင်းပေးသွင်းနိုင်ပြီး ကိုဝင်းဇော် ဖုန်း-၀၉-၅၁-၃၂၈၀၂၊ ၀၁-၅၅၈၈၅၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဝက်လက်၌ စက်ရေတွင်းတူးဖော်

ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အလှူရှင် လှူဒါန်းငွေဖြင့် ဆောင်ရွက်သော ထန်းကြီးကျေးရွာ နှစ်လက်မ စက်ရေတွင်း တူးဖော်ပြီးစီးမှု အခြေအနေကို အမှုဆောင်အရာရှိဦးထင်အောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ (က-ပ)

ရွှေဘို မြောင်းမတော် မူးသုံးခွ ရေပေးရေးစခန်းအတွင်း ငါးသားပေါက်စိုက်ထည့်

ရွှေဘိုခရိုင် ရွှေဘိုမြောင်းမတော် မူးသုံးခွရေပေးဝေရေး စခန်းအနီးတွင် ငါးသားပေါက်သုံးသိန်း စိုက်ထည့်ပွဲကို ဩဂုတ် ၂၃ရက် နံနက် ၈နာရီက ကျင်းပရာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင်ကြည်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးမျိုးအောင်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများက ငါးမြစ်ချင်း ငါးသန်ကောင်ရေ သုံးသိန်းကို ရွှေဘိုမြောင်းမတော် အတွင်းသို့ စိုက်ထည့်ပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

❐ ကျောဖုံးမှ

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားပြီး စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသော ပထမစပါးများကို AMR 994 ရိတ်သိမ်းစက်များဖြင့် ရိတ်သိမ်းနေမှု၊ VPT-5 ခြွေလှေ့စက်ဖြင့် ခြွေလှေ့နေမှု၊ စက်မှုဇုန်ထုတ် ပြည်တွင်းဖြစ် AMC ခြွေလှေ့စက်ဖြင့် ခြွေလှေ့နေမှုများ၊ AMD အခြောက်ခံစက်ဖြင့် အခြောက်ခံနေမှု၊ သဘာဝ နေရောင်ခြည်သုံး စပါးအခြောက်လှန်းရုံ၊ စပါးအခြောက်ခံတဲများဖြင့် အခြောက်ခံနေမှု၊ ကောက်ရိုး၊ နွားချေးတို့ဖြင့် သဘာဝသစ်ရွက်ဆွေး မြေဩဇာပြုလုပ်နေမှု၊ ဒုတိယစပါးကို လယ်ယာ ၁၆၊ လယ်ယာ ၂၂၊ ဒေါင်ဗန်း လက်တွန်းလယ်ထွန်စက်များဖြင့် စုပေါင်းထွန်ယက်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်အခြေခံပညာအထက်တန်းကျောင်း သုဝဏ္ဏ မိဘဆရာအသင်းနှင့် ကျောင်းကောင်စီအဖွဲ့က ကြီးမှူး၍ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၂၉ရက် နံနက်ပိုင်းက အထက သုဝဏ္ဏ သီရိသုဝဏ္ဏ ပညာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၊ ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲမှူးမြင့်အောင် ခေါင်းဆောင်သော အဖွဲ့က ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။**(အောက်ပုံ)**

အခမ်းအနားသို့ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အမှုဆောင်များ၊ ကျောင်းကောင်စီအဖွဲ့အသင်းငါးသင်းတာဝန်ခံ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၇၀၀ခန့် တက်ရောက်ကြကြောင်း သိရသည်။ **(က-ပ)**

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်ဓမ္မသဘင်

ရန်ကုန် စက်တင်ဘာ ၇

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဗဟုဇနဟိတဓရေ ဘဒ္ဒန္တသောဘဏ(ဒီဃနိကာယကောဝိဒ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ စက်တင်ဘာ ၁၈ရက်မှ စက်တင်ဘာ ၂၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၀၁-၅၇၁၂၅၈သို့ဖြစ်စေ စက်တင်ဘာ ၁၅ရက် နောက်ဆုံးထား စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကိုးဘွဲ့ရကျောင်းတိုက် ပန္နက်တင်မင်္ဂလာ

ရန်ကုန် စက်တင်ဘာ ၇

စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ်နိုင်ငံတော်ဘွဲ့တံဆိပ် ကိုးဘွဲ့ရ ဓမ္မကထိက ဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ် တည်ထောင်သော ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ် (၄၂) U-9 ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းမကြီးဘေးရှိ ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက်ကြီးအတွင်း ငွေကျပ်သိန်း ၄၅၀ တန် သံဃာတော်ဆောင် အမှတ်(၁)ကို ဆောက်လုပ်ပြီးစီးပြီဖြစ်ရာ စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီတွင် ငွေကျပ်သိန်း ၄၅၀ တန် ကိုးဘွဲ့ရမယ်တော်ဆောင်ကို ပန္နက်တင်မင်္ဂလာ ဆင်ယင်ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဖုန်း-၀၉-၂၁ ၃၀၈၉၅၊ ၀၉-၉၉ ၇၀၄၈၆၊ ၀၉-၂၁ ၃၃၀၁၀၊ ၀၁- ၇၀၈၄၀၃ နှင့် ၀၇၂-၂၂၁၇၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၈-၉-၂၀၀၇ရက် (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ အတီးပြိုင်ပွဲ
၈း၁၅ ၆။ တေးဂီတအစီအစဉ်
၈း၃၀ ၇။ International News
၈း၄၅ ၈။ Granmar Made Easy
၉း၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၄၅ ၅။ **"ကောင်းခြင်းဝေဖြာ"** (ထွန်းထွန်းနိုင်၊ ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊ မင်းသူ၊ မြင့်မြင့်ခိုင်၊ ခင်မို့မို့အေး၊ ချစ်စနိုးဦး) (ဒါရိုက်တာ-အောင်မိုး၊ ပဲရစ်)
၁၃း၀၀ ၆။ စကြ္ဝာအလင်း ဒါနလှူမဆုံး မြို့ကွမ်းခြံကုန်း (အပိုင်း-၁)
၁၃း၁၅ ၇။ အကပြိုင်ပွဲ
၁၃း၂၅ ၈။ မူဟာန်သွယ်သွယ်ဆိုကြမယ်
၁၃း၃၅ ၉။ ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ (အဆိုဘာသာရပ်ဆွေးနွေးခန်း) (မဟာဂီတ)
၁၃း၄၅ ၁၀။ အတီးပြိုင်ပွဲ
၁၃း၅၅ ၁၁။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၁၀ ၁၂။ အဆိုပြိုင်ပွဲ
၁၄း၁၅ ၁၃။ **"သူနဲ့ပဲနေတော့မယ်"** (ငှက်ပျောကြော်၊ ကြူကြူသင်း) (ဒါရိုက်တာ-ရွှေဦး၊ MRTV)
၁၄း၃၀ ၁၄။ တေးဂီတအစီအစဉ်
၁၄း၄၅ ၁၅။ International News
၁၅း၀၀ ၁၆။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ ဆောင်းပါးရှင် ကျော်ရဲမင်း၏ **"အမေရိကန်၊ ဗြိတိန်တို့၏ မြန်မာ့နိုင်ငံရေး၌ဝင်ရောက်နှောင့်ယှက်စွက်ဖက်မှုများ"** (အပိုင်း-၂)
၁၆း၄၅ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၇း၁၀ ၅။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၁၇း၃၅ ၆။ ၂၀၀၇ ခုနှစ် အာဆီယံ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မြန်မာနှင့် လာအို)
၁၉း၃၀ ၇။ တေးဂီတအစီအစဉ်
၂၀း၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်စရာ့ပျိုကညာ"** (အပိုင်း-၁)

လသာမြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေး

ရန်ကုန် စက်တင်ဘာ ၇

လသာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် အထက (၂) လသာကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် အလုပ်အမှုဆောင် ဒေါ်သင်းသင်းမိုး၊ အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်ဆောင်နှင့် အလုပ်အမှုဆောင် ဦးဝင်းကြည်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်မှူး ဗိုလ်ကြီးသိန်းဦး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဟုတ်စိန်နှင့် အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း အသင်းတွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများ၊ သွေးလှူဒါန်းသူများနှင့် အလှူငွေပေးအပ်သူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။ ဆက်လက်၍ မြို့နယ်အတွင်းရှိ ကျောင်းများနှင့် ရပ်ကွက်များမှ အသင်းဝင် အဆိုပြုလွှာများ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်ကို မွန်းလွဲ ၂ နာရီတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြို့နယ်အသင်း အတွင်းရေးမှူး ဦးအောင်ဟုတ်စိန် **(အပေါ်ပုံ)** က အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်အလုပ်အမှုဆောင်များက ကဏ္ဍအလိုက်တင်ပြရာ ရပ်ကွက်စည်းရုံးရေးမှူးများက အကြံပြုဆွေးနွေးကြသည်။ ထို့နောက် အစည်းအဝေးကို ဆုံးဖြတ်ချက်များနှင့် မှတ်တမ်းတင်ခြင်းများကိုပြုလုပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(က-ပ)**

ပြည်တွင်း၌ ဖောက်ခွဲရေး၊ ဖျက်ဆီးရေးလုပ်ငန်းများလုပ်ဆောင်ရန် အကြမ်းဖက်အဖျက်သမားများ ညှိနှိုင်းဆွေးနွေးမှု ပြုလုပ် ပြည်တွင်း တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုပျက်ပြားအောင် ယခုကဲ့သို့လုပ်ဆောင်ရန် ကြံစည်နေခြင်းဖြစ် ရရှိဖြစ်ထွန်းနေသော တည်ငြိမ်အေးချမ်းမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး

အလားအလာကောင်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းတားဆီးတိုက်ဖျက်သွားမည်

နေပြည်တော် စက်တင်ဘာ ၇

နိုင်ငံတော်ကို လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ဖြင့် ဆန့်ကျင်တိုက်ခိုက်နေသော တစ်ဖက်နိုင်ငံအခြေစိုက် NCUB၊ ABSDF၊ DPNS အဖွဲ့မှ ခေါင်းဆောင်များသည် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ NCGUB အဖွဲ့နှင့် သွားရောက်တွေ့ဆုံ၍ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်ရန် ဆွေးနွေးခြင်း၊ ပြည်တွင်း၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများလုပ်ဆောင်ရန် ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။

ညှိနှိုင်းဆွေးနွေး

တစ်ဖက်နိုင်ငံအခြေစိုက် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB) အထွေထွေအတွင်းရေးမှူး မောင်မောင်ဦးစီး၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ သံခဲ၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) ဥက္ကဋ္ဌ အောင်မိုးဇော်တို့ပါဝင်သော အဖွဲ့သည် စက်တင်ဘာ ၅ ရက်တွင် တစ်ဖက်နိုင်ငံ ဒေါင်းခွင်စခန်းမှ ဂျပန်နိုင်ငံတိုကျိုမြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) အဖွဲ့နှင့် သွားရောက်တွေ့ဆုံနေကြောင်း၊ နယူးဒေလီမြို့အခြေစိုက် မြန်မာကျောင်းသားစစ်သည်တော်များအဖွဲ့ (VBSW) မှ ဖောက်ခွဲရေးတာဝန်ခံ ရဲသီဟ(ခ)စံနိုင်(ခ)စံလွင်သည် စက်တင်ဘာ ၆ ရက်တွင် ဒေါင်းခွင်စခန်းသို့ ရောက်ရှိလာပြီး NCUB မှ စစ်ရေးတာဝန်ခံများ၊ ABSDF မှ ဆန်နီ၊ မြန်မာပြည် ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (DAB) မှ ဒေါက်တာကျော်ညွန့်တို့နှင့်တွေ့ဆုံ၍ ပြည်တွင်း၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း၊ အဆိုပါအဖွဲ့သည် UG စောဂျက်ကော့၊ ABSDF ဒုဥက္ကဋ္ဌ မျိုးဝင်းတို့နှင့်အတူ ယနေ့တွင် ဒေါင်းခွင်စခန်းမှ မဲဆောက်သို့ သွားရောက်မည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ပြည်ပြေးအကြမ်းဖက်အဖျက်သမားများသည် ပြည်တွင်းရှိ တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုပျက်ပြားအောင် ပြည်တွင်းရှိ အဖျက်သမားများနှင့်ပူးပေါင်းပြီး နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးရန်၊ ဆူပူဆန္ဒပြမှုများဖြစ်ပေါ်စေရန်၊ တစ်ချိန်တည်းမှာပင် ဖောက်ခွဲဖျက်ဆီးရေးကို လုပ်ဆောင်ရန် ယခုကဲ့သို့ ကြံစည်နေခြင်းဖြစ်ကြောင်း သိရသည်။

ပူးပေါင်းတားဆီးတိုက်ဖျက်သွားမည်

သို့ဖြစ်၍ ရရှိဖြစ်ထွန်းနေသော တည်ငြိမ်အေးချမ်းမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းမှုအလားအလာကောင်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ပြည်တွင်း၊ ပြည်ပအဖျက်ရန်ဟူသမျှကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့က ပူးပေါင်းတားဆီးတိုက်ဖျက်သွားမည်ဖြစ်သည်။

အများပြည်သူတို့အနေဖြင့်လည်း မိမိတို့နေထိုင်ရာ၊ အသက်မွေးဝမ်းကျောင်းမှုပြုရာ၊ ကူးသန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းသို့ အသွင်အမျိုးမျိုးဆောင်ကာ ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများကို အထူးသတိပြုစောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီး တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

8-9 (06) 1 9/8/07, 3:12 AM

ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ

(၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် သုံးယောက်တွဲ(Regu)နှင့် နှစ်ယောက်တွဲ(Double Regu)အမျိုးသား၊ အမျိုးသမီးပွဲစဉ်များကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။

(၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် သုံးယောက်တွဲ(Regu)အမျိုးသားပွဲစဉ်၌ စစ်ကိုင်းတိုင်း(ခ)အသင်း၊ အမျိုးသမီးပွဲစဉ်၌ ဧရာဝတီတိုင်း(က)အသင်း၊ နှစ်ယောက်တွဲ (Double Regu) အမျိုးသားပွဲစဉ်၌ တနင်္သာရီတိုင်း(က) အသင်း၊ အမျိုးသမီးပွဲစဉ်၌ ဧရာဝတီတိုင်း(က)အသင်းတို့က အနိုင်ရဗိုလ်စွဲခဲ့ကြသည်။

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

ကိုထွေးစုစည်းတင်ပြသည်။ ၇ - ၉ - ၂၀၀၇

အာရှအမျိုးသမီးဘောလုံးနည်းပြသင်တန်း မြန်မာနိုင်ငံမှ ၁၂ ဦးတက်ရောက်လျက်ရှိ

အာရှဘောလုံးအဖွဲ့ချုပ်(AFC)က ကြီးမှူးဖွင့်လှစ်သည့် အာရှအမျိုးသမီးဘောလုံးနည်းပြသင်တန်းကို မြန်မာနိုင်ငံ ရန်ကုန်မြို့၌ စက်တင်ဘာ ၆ ရက်မှ ၁၁ ရက်အထိ ဖွင့်လှစ်ပို့ချလျက်ရှိရာ မြန်မာနိုင်ငံမှ အမျိုးသမီး၁၂ဦး တက်ရောက်လျက်ရှိသည်။

တက်ရောက်

အဆိုပါသင်တန်းကို ဂျာမနီနိုင်ငံမှ သင်တန်းနည်းပြ Mrs.Monika Staab က သင်ကြားပို့ချပေးခြင်းဖြစ်ပြီး အာဆီယံဒေသတွင်း ခြောက်နိုင်ငံမှ သင်တန်းသူ ၂၃ဦး တက်ရောက်လျက်ရှိသည်။

သင်တန်းသူ ၂၃ဦးအနက် မလေးရှားနိုင်ငံမှ သုံးဦး၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ထိုင်းနှင့်လာအိုနိုင်ငံတို့မှ နှစ်ဦးစီပါဝင်ကြသည်။

မြန်မာနိုင်ငံမှ တက်ရောက်ကြသည့် သင်တန်းသူ ၁၂ဦးမှာ ခင်မေငွေ၊ သက်သက်ဝင်း၊ မာလာဝင်း၊ သန္တာ၊ မီမီနွယ်၊ မြင့်တင်၊ အေးအေးမာ၊ ခင်မမကြီး၊ နုနုခိုင်ဝင်း၊ စန်းစန်းကြူ၊ ဖြိုးဖြိုးမောင်နှင့် ချိုလထွေးတို့ဖြစ်ကြသည်။

အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များ ယနေ့ယှဉ်ပြိုင်မည်

၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု (ခ)ပွဲစဉ်များကို စက်တင်ဘာ ၈ရက် (ယနေ့)**တွင် ရန်ကုန်မြို့ လှုငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက် ကျင်းပမည်ဖြစ်ရာ ပထမပွဲစဉ်အဖြစ် ညနေ၃နာရီခွဲတွင် ထိုင်းအသင်းနှင့်စင်ကာပူအသင်း၊ ဒုတိယပွဲစဉ်အဖြစ် ညနေ ၅း၄၅နာရီတွင် မြန်မာအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။**

အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲဆက်လက်ယှဉ်ပြိုင် မလေးရှားနှင့်ဗီယက်နမ်အသင်းတို့အနိုင်ရရှိ

၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(က)ပွဲစဉ်များကို ယနေ့ညနေပိုင်းက လှုငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ပထမပွဲစဉ်၌ မလေးရှားအသင်းက အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်၌ ဗီယက်နမ်အသင်းက ဖိလစ်ပိုင်အသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

မြန်မာတိုက်ကွမ်ဒိုအားကစားအဖွဲ့ ကိုရီးယားသမ္မတနိုင်ငံ၌ သွားရောက်လေ့ကျင့်မည်

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပြင်ဆင်လေ့ကျင့်လျက်ရှိသော မြန်မာတိုက်ကွမ်ဒိုအားကစားအဖွဲ့သည် မကြာမီရက်ပိုင်းအတွင်း ကိုရီးယားသမ္မတနိုင်ငံသို့ သွားရောက်၍ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။

ယှဉ်ပြိုင်မည်

မြန်မာတိုက်ကွမ်ဒို အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ၌ အောက်တိုဘာ လကုန်အထိ နေထိုင်လေ့ကျင့်မည် ဖြစ် ပြီး နိုင်ငံတကာပြိုင်ပွဲ သုံးခု၌ ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာတိုက်ကွမ်ဒိုအဖွဲ့ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံတကာပြိုင်ပွဲများမှာ ဗီယက်နမ်နိုင်ငံ၌ အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် အာရှဖိတ်ခေါ်ချန်ပီယံရှစ်ပြိုင်ပွဲ၊ ကိုရီးယားနိုင်ငံ၌ နိုဝင်ဘာ ၁ ရက်မှ ၆ ရက်အထိကျင်းပမည့် ကိုရီးယားအလွတ်တန်းဖိတ်ခေါ်ပြိုင်ပွဲနှင့် ဗီယက်နမ်နိုင်ငံ၌ နိုဝင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် ၂၀၀၈ ပေကျင်းအိုလံပစ်လက်ရည်စစ်ပြိုင်ပွဲတို့ဖြစ်ကြသည်။

တာဝန်ယူ

ကိုရီးယားနိုင်ငံသို့ သွားရောက်လေ့ကျင့်မည့် မြန်မာတိုက်ကွမ်ဒိုအဖွဲ့တွင် အုပ်ချုပ်သူ၊ နည်းပြအဖြစ် ဦးကျော်သန်းဦး၊ နည်းပြများအဖြစ် Mr.Yu In Cho နှင့် ဒေါ်ဝါဝါထွန်းတို့က တာဝန်ယူ ဆောင်ရွက်ကြမည်ဖြစ်သည်။

အမျိုးသမီးဖူဆယ်အသင်းအား ထိုင်းနည်းပြလေ့ကျင့်ပေး

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်ဘောလုံးအသင်းအား ထိုင်းနိုင်ငံမှ ဖူဆယ်နည်းပြ မစ္စတာဟောင်ဂါဂျွန်က တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။

ထိုင်းနည်းပြ မစ္စတာဟောင်ဂါဂျွန်နှင့်အတူ ဦးအေးမောင်လေးနှင့် ဦးမောင်မောင်ငွေတို့က တွဲဖက်၍ သုဝဏ္ဏရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အားကစားရုံ၌ ပုံမှန်လေ့ကျင့်လျက်ရှိကြသည်။

ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းတွင် ပါဝင်လေ့ကျင့်လျက်ရှိကြသူများမှာ ဂိုးသမားအဖြစ် ငြိမ်းစုဇော်၊ မိုးမိုးစိန်နှင့် မြင့်မြင့်သန်း၊ ကစားသမားများအဖြစ် စန်းစန်းကြူ၊ လှလှသန်း၊ မာလာဝင်း၊ သီတာအေး၊ နန်းကြေးငုံ၊ ငုဝါစိုး၊ မိုးသီတာ၊ သီတာဦး(၁)၊ သီတာဦး(၂)၊ ဝါဝါထွေး၊ စိုးမိုးထွေး၊ မိုးမိုးထွေး၊ စုမွန်၊ ငွေငွေဦး၊ သန်းသန်းလှိုင်နှင့် ကြည်ဆန်းတို့ ပါဝင်ကြသည်။

ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲဖွင့်လှစ်

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသည့် (၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ထို့နောက် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပဏာမမြန်မာ့လက်ရွေးစင်အမျိုးသမီး အလေးမအားကစားသမားများ၏ လက်ရည်စစ်ပြိုင်ပွဲကို ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၉ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့မှ အပကျန်ပြည်နယ်နှင့်တိုင်းအသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် သံဃာ့ဆေးရုံ ဆေးပဒေသာပင်အတွက် ဒေါ်ယဉ်ယဉ်မိသားစု လှသူဇာရွှေဆိုင် အမှတ်(၁)ရုံ အင်းစိန်ဈေးကြီးက ငွေကျပ်တစ်သိန်း လှူဒါန်းရာ သံဃာ့ဆေးရုံကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးလှသန်းနှင့် ဦးလှမိုးတို့က လက်ခံယူစဉ်။

(က-ပ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် စက်တင်ဘာ ၇

ဦးအောင်ဝင်း (Yaung Ni Oo Co., Ltd.)သည် မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)တွင် ကစားဖော်များဖြစ်ကြသော ဦးလှအောင်၊ ဦးကျော်ဇံ၊ ဦးတင်ဝင်း၊ ဦးသန်းအောင်ကျော်တို့နှင့်အတူ စက်တင်ဘာ ၂ရက်က ၁၆၅ကိုက်အကွာမှ ကျင်းအမှတ်(၅)သို့ Iron-6 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(က-ပ)**



ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❖ *ပါကစ္စတန်နိုင်ငံ ကာရာချိမြို့တောင်ပိုင်းတွင် စက်တင်ဘာ ၇ ရက် နံနက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူသေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း ပါကစ္စတန်မီဒီယာများက ဖော်ပြသည်။*

❖ **ဗီယက်နမ်၌ အလယ်ပိုင်း တန်ထရီပြည်နယ် ဟိုင်ဖွန်ခရိုင်အတွင်း စက်တင်ဘာ ၆ ရက်က မြေအောက်မှ တူးဖော်ရရှိသော ရှေးခေတ်စဥ့်အိုးငယ်တစ်ခုအတွင်း တရုတ်လူမျိုးတို့၏ ၁၆ ရာစုနှင့် ၁၈ ရာစုအတွင်းသုံးစွဲခဲ့သော ဒင်္ဂါးပြားများကို တွေ့ရှိခဲ့ရကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။**

❖ *ဂျပန်နိုင်ငံ တိုကျိုမြို့အနီး ဝန်းကျင်ဒေသများသို့ စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက အင်အားပြင်းထန်သော တိုင်ဖုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ တစ်ဦးသေဆုံးပြီး ၄၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ တိုကျိုမြို့ရှိ လေဆိပ်များတွင် လေယာဉ်ခရီးစဉ် ၂၀၀ခန့် ဖျက်သိမ်းခဲ့ရကြောင်း၊ ကျည်ဆန်ရထားပြေးဆွဲမှုများရပ်ဆိုင်းထားရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

❖ **ထိုင်းနိုင်ငံအလယ်ပိုင်း ပရာချွတ်ခီရီခန် ပြည်နယ်တွင် ရဟတ်ယာဉ်တစ်စင်း စက်တင်ဘာ ၇ရက်က ပျက်ကျခဲ့ရာ လေယာဉ်မှူးအပါအဝင် ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ထိုင်းမီဒီယာများက ဖော်ပြသည်။**

❖ *အယ်လ်ဂျီးရီးယားနိုင်ငံအရှေ့ပိုင်း ဘာတနာမြို့တွင် စက်တင်ဘာ ၆ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၁၉ ဦး သေဆုံးပြီး ၁၀၇ ဦးဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

❖ **ယူဂန္ဒာနိုင်ငံအရှေ့ပိုင်းတွင် စက်တင်ဘာ ၆ရက်က မိုးသည်းထန်စွာ ရွာ သွန်းခဲ့သဖြင့် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ရာ ငါးဦးသေဆုံးပြီး စွာမူရီရာ၊ ဆိုရိုတီ၊ ကူမီနှင့် ကာတာဝီခရိုင်များတွင် လူ တစ်သိန်းကျော်ရေဘေးဒုက္ခကြုံတွေ့ခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

❖ *နာဆာသုတေသနပညာရှင်များက ဟူဘယ်နှင့် စပိုက်ဇာအာကာသ အဏုကြည့်မှန်ပြောင်းများဖြင့် စက်တင်ဘာ ၆ရက်က အာကာသသို့ လေ့လာရှာဖွေခဲ့ရာ အလွန်သေးငယ်သော ကြယ်တာရာလေးများကို တွေ့ရှိခဲ့ကြရကြောင်း၊ ထိုကြယ်တာရာလေးများသည် ကမ္ဘာဂြိုဟ်ထက် အဆပေါင်းတစ်သောင်းထက်မက သေးငယ်ကြောင်း၊ ကြယ်စင်စုသဖွယ် တည်ရှိနေသည်ကို တွေ့ရကြောင်း နာဆာအဖွဲ့မှ သတင်းထုတ်ပြန်သည်။*

❖ **ကာဇက်စတန်ရှိ ဘိုင်ကိုနော့အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ စက်တင်ဘာ ၆ ရက်က လွှတ်တင်ခဲ့သော ဂျပန်ဂြိုဟ်တုတစ်ခုကို သယ်ဆောင်သွားသည့် ရုရှားဒုံးပျံတစ်စင်းမှာ မတော်တဆဖြစ်ရပ်ကြောင့် လွှတ်တင်ပြီး မကြာမီ ပျက်ကျသွားခဲ့ကြောင်း ရုရှားမီဒီယာများက ဖော်ပြသည်။** (ယာပုံ)

(အင်တာနက်)

NLD ပါတီသည် နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်းလုပ်ဆောင်နေသဖြင့် ကွမ်းခြံကုန်းမြို့နယ်မှ ပါတီဝင် ၄၀ ခုပေါင်းနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော သုံးခွကျေးရွာနေ ဦးထင်လင်း(ခ)ဦးဇော်ဝင်း၊ ဦးဝင်းတင် (ခ)ဦးတင်အေး၊ ဦးအောင်မြင့်၊ ဦးတိုး(ခ)ဦးကြည်တိုး၊ ဦးချစ်၊ ဦးအောင်မိုး၊ ဦးစိုးတင့်၊ ဦးမြင့်လွင်၊ ဦးညိုမောင်နှင့် ဦးသန်းစိုးတို့အပါအဝင် ပါတီဝင် ၄၀တို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှနုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ကွမ်းခြံကုန်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် နိုင်ငံနှင့် လူမျိုး အကျိုးပျက်စီးရာပျက်စီးကြောင်း ပြည်ပနိုင်ငံကြီးများအားကိုးဖြင့် တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိကြောင်း၊ အမျိုးသားညီလာခံကျင်းပပြီးစီးခဲ့သဖြင့် မကြာမီပေါ်ပေါက်လာမည့် အခြေခံဥပဒေသည် စစ်မှန်သော ဒီမိုကရေစီနိုင်ငံပေါ်ပေါက်လာရေးအတွက် ဖော်ဆောင်ပေးမည်ဟု ယုံကြည်ကြောင်း၊ ပါတီ၏လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

အမေရိကန်၊ ဗြိတိန်တို့၏ မြန်မာ့နိုင်ငံရေး၌ ဝင်ရောက်နှော

လုံခြုံရေးကောင်စီသို့ တင်ပြသည့်အဆိုမှာ ကြောင်းကျိုးခိုင်လုံမှု မရှိသောကြောင့် ဗီတိုအာဏာဖြင့် ပယ်ချခံခဲ့ရသည့်တိုင် အမေရိကန်နှင့် ဗြိတိန်အစိုးရတို့အနေဖြင့် မြန်မာနိုင်ငံ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ရန်နှင့် ပိတ်ဆို့အရေးယူမှုများဆောင်ရွက်နိုင်ရန် ဆက်လက်ကြိုးပမ်းခဲ့ပါသည်။ သမ္မတဘုရှ်က ၂၄-၁-၂၀၀၇ ရက်နေ့တွင် နိုင်ငံတော်အခြေပြ မိန့်ခွန်းပြောကြားရာ၌ မြန်မာနိုင်ငံတွင် ဒီမိုကရေစီထွန်းကားရေးအတွက် ဒေါ်စုကြည်နှင့် NLDကို ဆက်လက်ထောက်ခံ အားပေးသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။ အလားတူပင် အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ တိုနီစနိုးကလည်း အမေရိကန်တို့၏ အဆိုတင်ပြချက်ကို လုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက် ချမှတ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ပါသည်။

တားဆီးမိန့် ရုပ်သိမ်းပေးရန်တောင်းဆို

၁၄-၅-၂၀၀၇ ရက်နေ့တွင် အမေရိကန်သမ္မတဟောင်း ဂျော့ချ်ဘုရှ်နှင့် ကလင်တန်အပါအဝင် နိုင်ငံရေးခေါင်းဆောင်ဟောင်း ၅၉ ဦးက ဒေါ်စုကြည်အပေါ် တားဆီးမိန့်ရုပ်သိမ်းပေးရန် စာရေးသားတောင်းဆိုခဲ့ပါသည်။ အလားတူ သမ္မတကတော် လော်ရာဘုရှ်နှင့် အမျိုးသမီးလွှတ်တော်အမတ် ၁၆ဦးက ဒေါ်စုကြည်လွတ်မြောက်ရေးအတွက် လှုပ်ရှားမှုကော်မတီတစ်ခုကို ၂၄-၅-၂၀၀၇ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး မြန်မာ့အရေးကို လုံခြုံရေးကောင်စီတွင် ဆွေးနွေးနိုင်ရေးအတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ စာရေးသားတောင်းဆိုမှုပြုလုပ်ခဲ့ပါသည်။ ထို့ပြင် လော်ရာဘုရှ်သည် ၁၂-၆-၂၀၀၇ရက်နေ့တွင် မြန်မာနိုင်ငံ၏ တစ်ဖက်နိုင်ငံနယ်စပ်တွင် အခြေပြုထားသည့် တိုင်းရင်းသား လူမျိုးများကောင်စီ [ENC]မှ ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံပြီး အကူအညီများပေးမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်ကိုလည်း သိရှိရပါသည်။

နည်းမျိုးစုံ ကူညီထောက်ပံ့

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး၏ ကြည်းတပ်စစ်သံမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ရောဘတ်ဟဲလ်ဗေး [Robert Helvey]၊ အမေရိကန်လေတပ်အငြိမ်းစား မိုက်ကယ်မီချယ် [Michael Mitchell]၊ အမေရိကန်ရေတပ်အငြိမ်းစား ဂျင်းရှပ် [Gene Sharp]၊ အမေရိကန်အထူးတပ်ဖွဲ့အငြိမ်းစား ဒေးဗစ်ယူဘင်း [David Eubenk] အပါအဝင် အမေရိကန်တို့၏ မြန်မာ-ထိုင်းနယ်စပ်တစ်လျှောက် ဝင်ထွက်သွားလာ လှုပ်ရှားမှုများ၊ သောင်းကျန်းသူများအပေါ် ဦးစီးကြိုးကိုင်လမ်းညွှန်ဆောင်ရွက်မှုများ၊ နိုင်ငံရေး၊ စစ်ရေး၊ ငွေကြေးအရ နည်းမျိုးစုံဖြင့် ကူညီထောက်ပံ့နေမှုများကို နေ့စွဲမှတ်တမ်းနှင့်တကွ ပြုစုမည်ဆိုပါက စွယ်စုံကျမ်းထက် ပို၍ထူသွားနိုင်ပါသည်။ ယင်းသို့ ခြေရှုပ်စွက်ဖက်ရာတွင်လည်း CRDB၊ DAB၊ ဒုညတ၊ ABSDF စသည့် အဖွဲ့များသာမက တည်ဆဲအစိုးရကို ဆန့်ကျင်နေသည့် တရားမဝင် အဖွဲ့အစည်းများအားလုံး KNU, SSA-S အပါအဝင် ဆန့်ကျင်ဘက်သောင်းကျန်းသူအင်အားစုအားလုံးနှင့် နည်းလမ်းစုံသုံး၍ ဆက်သွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ အမေရိကန်တို့၏ မြန်မာနိုင်ငံအပေါ်ထားရှိသော သဘောထားမူဝါဒကို ခန့်မှန်းနိုင်ပါသည်။

စီအိုင်အေ၏ စည်းရုံးဟန့်တားမှု

တည်ဆဲအစိုးရအနေဖြင့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးတည်လျက် စေတနာမှန်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ယနေ့အချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ၁၇ဖွဲ့နှင့်အဖွဲ့ငယ် ၂၃ဖွဲ့တို့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီး ဖြစ်ပါသည်။ ဤအောင်မြင်မှုများကြောင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသ ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်သွားမည်ကို အမေရိကန်နှင့် ဗြိတိန်အစိုးရတို့အနေဖြင့် လုံးဝ လိုလားခြင်းမရှိပါ။ ထို့ကြောင့်လည်း တည်ဆဲအစိုးရနှင့်ဆက်လက်ပြီး ငြိမ်းချမ်းရေးရယူရန် ကြိုးပမ်းနေသည့်အဖွဲ့များအား စီအိုင်အေကို အသုံးချ၍ ငြိမ်းချမ်းရေးမယူနိုင်အောင် အမျိုးမျိုးနှောင့်ယှက်ဟန့်တား ထိန်းချုပ်ခဲ့ကြပါသည်။ ဗိုလ်ချုပ်ဖြေမောင်၏ KNU / KNLA ငြိမ်းချမ်းရေးကောင်စီမှ ငြိမ်းချမ်းရေးရယူခဲ့ရာတွင် နောက်ချန်အဖွဲ့ခွဲ အင်အားအများစုမှာ စီအိုင်အေ၏ အင်အားသုံးစည်းရုံးဟန့်တားမှုကြောင့် ငြိမ်းချမ်းရေး ရင်ခွင်သို့ မရောက်နိုင်ခဲ့ပါ။

ဖောက်ခွဲဖျက်ဆီးရေး ကြိုးကိုင်စီမံ

လတ်တလောတွင်လည်း KNU တပ်မဟာ(၆)မှ တပ်ရင်း(၁၈)၏ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးကြည်လင်းမှာ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေး ရယူရန် ညှိနှိုင်းဆွေးနွေးပြီး မိခင်တပ်သို့ အပြန်တွင် စီအိုင်အေ၏ ကြိုးကိုင်စီစဉ်မှုဖြင့် KNU ဗဟိုမှ လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရပါသည်။ ဒု-ဗိုလ်မှူးကြီးကြည်လင်းနှင့် စစ်သည်များ ငြိမ်းချမ်းရေး မရယူနိုင်စေရန်အတွက် ၎င်းတို့၏မိသားစု ဆွေမျိုးသားချင်းများကို တစ်ဖက်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် တားဆီးထိန်းချုပ်ထားပြီး ဒု-ဗိုလ်မှူးကြီးကြည်လင်း ပြန်အလာ၌ ပောင်သရောမြစ်ထဲ၌ လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ ၎င်းအပြင် သတင်းများအရ အမေရိကန်ကြည်းတပ်မှ ဗိုလ်မှူးချုပ်တစ်ဦးနှင့် စီအိုင်အေအရာရှိတစ်ဦးတို့သည် နယ်စပ်သောင်းကျန်းသူစခန်း၌ ရောက်ရှိနေပြီး စစ်ရေးအကူအညီနှင့် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများအတွက် ကြိုးကိုင်စီမံကွပ်ကဲလျက်ရှိကြောင်းလည်း သိရှိရပါသည်။

သိက္ခာမဲ့စွာ ထုတ်ဖော်ပြောကြား

အမေရိကန်တို့၏ မြန်မာ့နိုင်ငံရေးအပေါ် ဝင်ရောက်စွက်ဖက်ခြေရှုပ်မှုများကို တင်ပြရင်း အလျဉ်းသင့်၍ ကမ္ဘာတစ်ဝန်း လွတ်လပ်မှုရရှိရေးနှင့် ဒီမိုကရေစီထွန်းကားရေးခေါင်းစဉ်တပ်ကာ အမေရိကန်တို့က ရေးကြီးခွင်ကျယ်လုပ်ဆောင်နေမှုကိုလည်း တင်ပြလိုပါသည်။ ၂၀၀၇ခုနှစ် ဇွန်လအတွင်း အမေရိကန်သမ္မတဘုရှ်သည် ဂျာမနီနိုင်ငံတွင် ပြုလုပ်သည့် ဂျီ-၈ အစည်းအဝေးတက်ရောက်ရန်အသွားတွင် ချက်သမ္မတနိုင်ငံသို့ ဝင်ရောက်ခဲ့ပြီး ဒီမိုကရေစီနှင့်လုံခြုံရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာကွန်ဖရင့်တစ်ရပ်သို့တက်ရောက်ခဲ့သည်ဟု ဆိုပါသည်။ အဆိုပါ ကွန်ဖရင့်၌ သမ္မတဘုရှ်က အမေရိကန်အနေဖြင့် နိုင်ငံတကာ လွတ်လပ်မှုရရှိရေးကိစ္စများ ဆောင်ရွက်ရာတွင် ပေါ်ပေါ်ထင်ထင် ပြောဆို ဆောင်ရွက်နေသည်များရှိသကဲ့သို့ တိုးတိုးတိတ်တိတ်ဆောင်ရွက်နေသည်များလည်း ရှိကြောင်း၊ ဘဲလ်လားရုစ်၊ မြန်မာ၊ ကျူးဘား၊ မြောက်ကိုရီးယား၊ ဆူဒန်၊ ဇင်ဘာဘွေ အပါအဝင် ဒီမိုကရေစီထွန်းကားမှုမရှိသည့် နိုင်ငံများမှ ဒီမိုကရေစီရေးလှုပ်ရှားသူများကို ၎င်းအနေဖြင့် လူကိုယ်တိုင်လက်ခံတွေ့ဆုံခဲ့ကြောင်း၊ ဖိနှိပ်သည့် အစိုးရများ၏ ဖမ်းဆီးမှု၊ ရိုက်နှက်မှုခံရသော ဒီမိုကရေစီလှုပ်ရှားသူများအတွက် ကျန်းမာရေးကုသစရိတ်၊ ဥပဒေကြောင်းအရ ကာကွယ်ပေးရေးတို့အတွက် အမေရိကန်နိုင်ငံအနေဖြင့် Human Rights Defenders Fund တည်ထောင်ထားရှိကြောင်း၊ လူ့အခွင့်အရေး ကာကွယ်ပေးမှုသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အဓိကဖြစ်သည်ဆိုသည့် ရည်မှန်းချက်အတိုင်း လွတ်လပ်မှုမရှိသည့်၊ ဒီမိုကရေစီမထွန်းကားသည့် နိုင်ငံများတွင် ဒီမိုကရေစီအရေးလှုပ်ရှားသူများအား ရှာဖွေဖော်ထုတ်တွေ့ဆုံရန်၊ လူ့အခွင့်အရေးတောင်းဆိုနေသူများအား ရှာဖွေဖော်ထုတ်ရန် ယင်းနိုင်ငံများရှိ သံအမတ်များကို ညွှန်ကြားပေးရန် နိုင်ငံခြားရေးဝန်ကြီးကို ၎င်းမှ ပြောကြားထားကြောင်း စသည်ဖြင့် သိက္ခာမဲ့စွာ ထုတ်ဖော်ပြောကြားသွားခဲ့ပါသည်။

လူသိရှင်ကြား ထုတ်ဖော်ရဲ

တည်ဆဲအစိုးရကို ဆန့်ကျင်နေသူများအား ရှာဖွေဖော်ထုတ် တွေ့ဆုံရန် ၎င်း၏သံအမတ်ကြီးများကို နိုင်ငံခြားရေးဝန်ကြီးမှ တစ်ဆင့်ညွှန်ကြားထားကြောင်း လူသိရှင်ကြား ထုတ်ဖော်ရဲသည့် အမေရိကန်သမ္မတကြီးအပေါ် သာမန် မြန်မာပြည်သူတစ်ယောက်အနေဖြင့် ဘယ်လိုပြောရမှန်းပင် မသိတော့ပါ။ အမေရိကန်သမ္မတကြီး၏ ပြောကြားချက်နှင့် စပ်လျဉ်း၍ အိမ်ဖြူတော်က Advancing Freedom and Democracy Around the Worldဟူသည့် Fact Sheetကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါစာတွင် Human Rights Defenders Fundကို အမေရိကန်ဒေါ်လာတစ်သန်းဖြင့်စတင်ပြီး လိုအပ်လျှင် ဖြည့်တင်းသွားမှာ ဖြစ်ကြောင်း၊ ၂၀၀၇ခုနှစ် ဒီဇင်ဘာလမှစ၍ Freedom Defender Award ဆုကို ဒီမိုကရေစီလှုပ်ရှားသူ နိုင်ငံခြားသား(သို့မဟုတ်) အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုသို့လည်းကောင်း၊ Diplomacy for Freedom Award ဆုကို သမ္မတ၏ လွတ်လပ်မှုရရှိရေးလုပ်ငန်းစဉ်အတွက် အကောင်းဆုံးဆောင်ရွက်ပေးသည့် အမေရိကန်သံအမတ်တစ်ဦးကို လည်းကောင်း ရွေးချယ်ချီးမြှင့်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

မြန်မာ့ပြည်တွင်းရေး နှောင့်ယှက်လှုပ်ရှား

ဤဆုများနှင့်ပတ်သက်၍ ကျွန်တော်နားလည်သလောက် ခန့်မှန်းပေးရလျှင် Freedom Defender Awardဆုသည် မြန်မာနိုင်ငံတစ်ဝိုက်၌ ရစ်သီရစ်သီ လုပ်နေလောက်ပြီ ထင်ပါသည်။ မြန်မာနိုင်ငံမှာက သူတို့မျက်စိကျသည့် သူခိုးဓားရိုးကမ်းသူ သစ္စာဖောက် ပုဆိန်ရိုးတွေရှိနေပြီး ဖြစ်ပါသည်။ ထို့ပြင် Diplomacy for Freedom Award ဆုအတွက် ဆိုလျှင် Back Date နှင့် ပြန်ရွေး၍ရမည်ဆိုပါက မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ(ဥပမာ-ဘာတွန်လီဗင်)ထဲမှ တစ်ဦးဦး ဆွတ်ခူးနိုင်ပါလိမ့်မည်။ မြန်မာ့ပြည်တွင်းရေးကို တကယ်ပင် ထိထိရောက်ရောက် နှောင့်ယှက်လှုပ်ရှား စွက်ဖက်ခဲ့ကြသည် မဟုတ်ပါလား။

အိမ်ဖြူတော်မှ ထုတ်ပြန်သည့်စာတမ်းတွင် အမေရိကန်သမ္မတကိုယ်တိုင် ဒီမိုကရေစီလှုပ်ရှားသူများနှင့် လက်ခံတွေ့ဆုံခဲ့ရာ၌ မြန်မာနိုင်ငံမှ Charm Tong ဆိုသူနှင့် ၃၁-၁၀-၂၀၀၅ ရက်နေ့က တွေ့ဆုံခဲ့ကြောင်း တွေ့ရှိရသည့်အခါ ရှမ်းတိုင်းရင်းသူ နန်းချန်တောင်းကို ပြန်၍ သတိရမိပါသည်။ ဤသတင်းကို နိုင်ငံခြားအသံလွှင့်ဌာနတစ်ခုမှ ထုတ်လွှင့်ခဲ့ဖူးပြီး အင်တာနက်ပေါ်၌လည်း ပုံနှင့်တကွ ဖော်ပြခဲ့ဖူးပါသည်။ နန်းချန်တောင်းသည် Shan Women Action Network (SWAN) အဖွဲ့ဝင်ဖြစ်ပြီး Licensed to Rape အစီရင်ခံစာဖြင့် လိမ်ညာဝါဒဖြန့်ချိခဲ့သူလည်း ဖြစ်ပါသည်။ ကမ္ဘာ့အင်အား[…]
မြန်မာနိုင်ငံအပေါ် မျက်မုန်းစိမ်းတပ်ပြီး […]
နန်းချန်တောင်း၏ Licensed to Lie လိ[…]
ယုံကြည်လက်ခံပေးခြင်းသည် ဘယ်ယုန်မြင်[…]
မပြောလိုတော့ပါ။ နန်းချန်တောင်းအစား သ[…]
ကသာ တွေ့ဆုံခွင့်ရခဲ့လျှင်တော့ သမ္မတကြီး[…]
အရိုတရား၊ အမှန်တရားများနှင့် ပြည်သူ့ဆ[…]
မပန်းနိုင် အမှန်အတိုင်းပြောပြနိုင်မည် ဖြစ်ပ[…]

ပြည်တွင်းရေး စွက်ဖက်[…]

အထက်တွင် တင်ပြခဲ့သည့်အတိုင်း အ[…]
အရာရှိဟောင်း ဖရက်ဒရစ်ဗရီးလင်းအား သံအ[…]
**၁၉၉၀ ဝန်းကျင်မှစ၍ မြန်မာနိုင်ငံတွင် အမေ[…]
ခန့်အပ်ခြင်းမရှိတော့ဘဲ သံရုံးယာယီတာဝန်ခံ[…]
ဆောင်စေခဲ့ပါသည်။ မြန်မာနိုင်ငံဘက်မှ အမေ[…]
သံအမတ်ကြီးတစ်ဦးပြောင်း၍ နောက်တစ်ဦး လဲ[…]
အမေရိကန်ဘက်မှလည်း တုံ့ပြန်သည့်သဘော[…]
ထို့ကြောင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး၌ သံ[…]
များဖြင့်သာ ဆက်ဆံနေရပါသည်။ သံတမန်[…]
တို့ဘက်မှ လိုက်နာစောင့်ထိန်းလျက်ရှိသော်လ[…]
လူအင်အား အများအပြားခန့်ထားပြီး ကျွန်[…]
မြန်မာ့ပြည်တွင်းရေးကို နည်းလမ်းမျိုးစုံသုံး၍ စွ[…]
လျက် ရှိကြပါသည်။ အမေရိကန်သံရုံးဝန်ထ[…]
အကြောင်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် ပြည်ဝင်[…]
တောင်းခံလျက်ရှိရာ ၂၀၀၇နှစ်ဆန်းပိုင်းမှ […]
လျှောက်ထားသူ ရာဂဏန်းကျော်အထိ ရှိခဲ့[…]**

သံတမန်ကျင့်ဝတ် ဖောက်[…]

မြန်မာနိုင်ငံရှိ အမေရိကန်နှင့် ဗြိတိန်[…]
သံတမန်ကျင့်ဝတ်များကို ဖောက်ဖျက်ပြီး NL[…]

အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတွင် တာဝန်ထမ်းဆောင်နေကြသော မြန်မာဝန်ထမ်းများသည် ဒေါ်လာမျက်နှာတစ်ခုတည်းကိုသာကြည့်ပြီး အမေရိကန်များ၊ အင်္ဂလိပ်များကို လုံးလုံးကိုးကွယ် သစ္စာစောင့်သိ ကျိုးနွံလျက်ရှိသည်မှာ ရှက်ဖွယ်ကောင်းလှ။ ကိုလိုနီခေတ်က ဘုရားထူး ကျွန်ခံဘဝကို ရဲရဲတောက် ဆန့်ကျင်တွန်းလှန်ခဲ့သည့် မြန်မာတို့၏ သခင်စိတ်ဓာတ်၊ သခင်သွေးများသည် သံရုံးများကပေးသည့် ဒေါ်လာများကို စားရင်း ကျွန်စိတ်ကျွန်သွေးများအဖြစ် မည်သည့်အချိန်က ပြောင်းလဲသွားခဲ့သည်ပင်မသိ။ သံရုံးကအပေါက်စောင့်၊ ဒရိုင်ဘာ၊ ဒရဝမ်ကအစ ကိုယ့်လူမျိုးချင်းဆိုလျှင် သွေးနားထင်ရောက်ပြီး မောက်မာသလောက် ပထွေးနှင့် တွေ့သည့်အခါ ရိုကျိုးပျပ်ဝပ်နေလိုက်သည်မှာ အချုပ်တန်းဆရာဖေ ဆိုခဲ့သည့်အတိုင်း အမျိုးပါ ဆဲချင်လောက်အောင်ပင် ဖြစ်နေ။

**၁၉၉၀ […]
မရှိတော့ဘဲ […]
အမေရိကန်နှ[…]
အဆိုပြုသည်[…]
နှစ်နိုင်ငံ သံ[…]**

**သံတ[…]
အမေရိကန်သံ[…]
နည်းလမ်းမျိုး[…]
ဝန်ထမ်းအမျ[…]
ဗီဇာများ အ[…]
ဗီဇာလျှော်က[…]**

...၌ ဝင်ရောက်နှောင့်ယှက် စွက်ဖက်မှုများ (၃)

ကျော်ရဲမင်း

ခဲ့သူလည်း ဖြစ်ပါသည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံမှ သမ္မတကြီးက မြန်မာနိုင်ငံအပေါ် မျက်မှန်စိမ်းတပ်ပြီး ကြည့်လိုသည့် ဆန္ဒစွဲဖြင့် နန်းချန်တောင်း၏ Licensed to Lie လိမ်လည်တင်ပြချက်များကို ယုံကြည်လက်ခံပေးခြင်းသည် ဘယ်ယုန်မြင်၍ ဘယ်ချုံထွင်သည်ကို မပြောလိုတော့ပါ။ နန်းချန်တောင်းအစား သာမန်ပြည်သူတစ်ယောက်ကသာ တွေ့ဆုံခွင့်ရခဲ့လျှင်တော့ သမ္မတကြီးကို မြန်မာနိုင်ငံ၏ ပကတိအရှိတရား၊ အမှန်တရားများနှင့် ပြည်သူ့ဆန္ဒစစ်စစ်များကို မမောနိုင်မပန်းနိုင် အမှန်အတိုင်းပြောပြနိုင်မည် ဖြစ်ပါသည်။

ပြည်တွင်းရေး စွက်ဖက်ခြေရှုပ်

အထက်တွင် တင်ပြခဲ့သည့်အတိုင်း အမေရိကန်တို့က စီအိုင်အေအရာရှိဟောင်း ဖရက်ဒရစ်ဗရီးလင်းအား သံအမတ်ခန့်ရန် အဆိုပြုခဲ့သည့် **၁၉၉၀ ဝန်းကျင်မှစ၍ မြန်မာနိုင်ငံတွင် အမေရိကန်သံအမတ်ကြီးဟူ၍ ခန့်အပ်ခြင်းမရှိတော့ဘဲ သံရုံးယာယီတာဝန်ခံများဖြင့်သာ တာဝန်ထမ်းဆောင်စေခဲ့ပါသည်။ မြန်မာနိုင်ငံဘက်မှ အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတစ်ဦးပြောင်း၍ နောက်တစ်ဦး လဲလှယ်ရန်အဆိုပြုသည့်အခါ အမေရိကန်ဘက်မှလည်း တုံ့ပြန်သည့်သဘောဖြင့် ပယ်ချခဲ့ပါသည်။ ထို့ကြောင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး၌ သံရုံးယာယီတာဝန်ခံအဆင့်များဖြင့်သာ ဆက်ဆံနေရပါသည်။ သံတမန်ကျင့်ဝတ်နှင့်အညီ မြန်မာတို့ဘက်မှ လိုက်နာစောင့်ထိန်းလျက်ရှိသော်လည်း အမေရိကန်သံရုံးကမူ လူအင်အား အများအပြားခန့်ထားပြီး ကျွန်တော်တင်ပြခဲ့သည့်အတိုင်း မြန်မာ့ပြည်တွင်းရေးကို နည်းလမ်းမျိုးစုံသုံး၍ စွက်ဖက်ခြေရှုပ်နှောင့်ယှက်လျက် ရှိကြပါသည်။ အမေရိကန်သံရုံးဝန်ထမ်း အများအပြားကိုလည်း အကြောင်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် ပြည်ဝင်ခွင့်ဗီဇာများအဆက်မပြတ်တောင်းခံလျက်ရှိရာ ၂၀၀၇နှစ်ဆန်းပိုင်းမှ ဩဂုတ်လကုန်အထိ ဗီဇာလျှောက်ထားသူ ရာဂဏန်းကျော်အထိ ရှိခဲ့ကြောင်း သိရှိရပါသည်။**

သံတမန်ကျင့်ဝတ် ဖောက်ဖျက်

မြန်မာနိုင်ငံရှိ အမေရိကန်နှင့် ဗြိတိန် သံရုံးဝန်ထမ်းများသည် **သံတမန်ကျင့်ဝတ်များကို ဖောက်ဖျက်ပြီး NLDဌာနချုပ်သို့ သွားရောက်တွေ့ဆုံခြင်း၊ NLDနှင့် ၈၈မျိုးဆက်ကျောင်းသားအမည်ခံအဖွဲ့မှကျင်းပသော အခမ်းအနားများသို့ တက်ရောက်ခြင်း၊ စာရွက်စာတမ်းများပေးပို့ခြင်းများကို ၁၉၈၈ခုနှစ်မှစတင်၍ အဆက်မပြတ်ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၀၆ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တစ်နှစ်တာ ကာလအတွင်း NLDဌာနချုပ်ရုံးသို့ အမေရိကန်သံရုံးသည် ၂၆၄ ခေါက်၊ ဗြိတိန်သံရုံးသည် ၆၅ ခေါက် အဝင်အထွက်ရှိခဲ့ကြောင်း၊ ၂၀၀၇ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိကာလအတွင်း အမေရိကန်သံရုံးသည် ၁၄၄ ခေါက်၊ ဗြိတိန်သံရုံးသည် ၃၅ခေါက် အဝင်အထွက်ရှိခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။**

နေ့လယ်စာ အတူစားသောက်ခဲ့

ထို့ပြင် အမေရိကန်သံရုံးယာယီတာဝန်ခံနေအိမ်၌ ညစာစားပွဲများ၊ မိတ်ဆုံစားပွဲများ ကျင်းပလျက် NLD များ၊ ၈၈မျိုးဆက်ကျောင်းသားအမည်ခံများ၊ ဝါရင့်နိုင်ငံရေးသမားများကို ဖိတ်ခေါ်ဆွေးနွေးလျက်ရှိကြောင်းလည်း တွေ့ရှိရပါသည်။ ၆-၈-၂၀၀၇ရက်နေ့ကလည်း မန္တလေးတိုင်း အောင်မြေသာစံမြို့နယ်ရှိ ရွှေဘဲစားသောက်ဆိုင်တွင် US Agency for International Development(USAID)အဖွဲ့မှ ကိုယ်စားလှယ်များဖြစ်သည့် အမေရိကန်သံရုံးဝန်ထမ်းများဖြစ်သော ဒယ်နီယယ်ဖာရယ်၊ ခရစ္စတီးနားနန်စီနှင့် ရွှေစင်ညွှန့်တို့သည် မန္တလေး NLD ဒု-ဥက္ကဋ္ဌ များဖြစ်သော ဦးသိန်းတန်၊ ဦးသန်းလွင်၊ အတွင်းရေးမှူး ဦးကံထွန်း၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်သန်း၊ အဖွဲ့ဝင် ဒေါ်ဝင်းမြမြတို့နှင့် အတူ တွေ့ဆုံဆွေးနွေးပြီး နေ့လယ်စာ အတူစားသောက်ခဲ့ကြကြောင်း သိရှိရပါသည်။

မူမမှန်သောသဘောဖြစ်သည်မှာ ထင်ရှား

ဗြိတိသျှသံအမတ်ကြီး၏ နေအိမ်ခြံဝင်းအတွင်းရှိ ဗြိတိသျှကလပ်တွင် ၁-၃-၂၀၀၇ရက်နေ့က ကျင်းပပြုလုပ်သည့် မိတ်ဆုံစားပွဲ၌ ၈၈မျိုးဆက်ကျောင်းသား အမည်ခံအဖွဲ့မှ မင်းကိုနိုင်ပါ ငါးဦး တက်ရောက်ခဲ့ပါသည်။ ထိုမိတ်ဆုံစားပွဲအပြီး နောက်တစ်နေ့ ၂-၃-၂၀၀၇ ရက်နေ့တွင် ဗြိတိသျှ သံအမတ်ကြီးနှင့်အဖွဲ့သည် NLD CEC အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်ကိုလည်းတွေ့ရှိရပါသည်။ ၂၀-၄-၂၀၀၇ရက်နေ့တွင် ဗြိတိသျှ ဒုတိယဘုရင်မကြီး နှစ်(၈၀)ပြည့် မွေးနေ့အား ကမ်းနားဟိုတယ်တွင်ကျင်းပခဲ့ရာ CRPP အဖွဲ့ဝင်များ၊ NLD အဖွဲ့ဝင်များနှင့် ၈၈မျိုးဆက်ကျောင်းသားအမည်ခံအဖွဲ့မှ ကိုကိုကြီးပါ သုံးဦးတက်ရောက်ခဲ့ပါသည်။ အမေရိကန်နှင့် ဗြိတိန်သံတမန်များအနေဖြင့် မြန်မာအစိုးရကို ဆန့်ကျင်နေသည့် အင်အားစုများအပေါ် ဤမျှအထိ ရင်းရင်းနှီးနှီးထိတွေ့ဆက်ဆံ အားပေးလျက်ရှိခြင်းသည် မူမမှန်သောသဘောပင်ဖြစ်သည်မှာ ထင်ရှားလှပါသည်။

လူပ်ရှားဆန္ဒပြမှုများတွင် ကိုယ်တိုင်လိုက်ပါ

ပြည်တွင်းရှိ ဆန့်ကျင်ဘက်အဖွဲ့အစည်းများသည်လည်း နိုင်ငံကြီးများ အားကိုးဖြင့် ဆူပူဆန္ဒပြမှုများ မဖြစ်ဖြစ်အောင် ကြိုးပမ်းလှုပ်ရှားမှုများကို တိုးမြှင့်ဆောင်ရွက်ခဲ့ရာ အမေရိကန်နှင့်ဗြိတိန်သံရုံးဝန်ထမ်းများသည် နောက်ကွယ်မှ အားပေးရုံသာမက လှုပ်ရှားဆန္ဒပြမှုများတွင် ကိုယ်တိုင်လိုက်ပါ ဆောင်ရွက်သည်အထိ ပြုလုပ်လာခဲ့ပါသည်။ ၃၀-၁-၂၀၀၇ရက်နေ့က နော်အုန်းလှ(မော်ဘီ)ပါ ထုတ်ပယ်ခံ NLD များ ရွှေတိဂုံစေတီ အင်္ဂါထောင့်၌ကျင်းပပြုလုပ်သည့် ဝတ်ပြုဆုတောင်းပွဲသို့ အမေရိကန်သံရုံး ဒုတိယအတွင်းဝန် ဒင်းနစ် ဒီ လစ်ဒ်ဝဲလ်ကိုယ်တိုင် သွားရောက်ပြီး ဓာတ်ပုံရိုက်ကူးခဲ့ပါသည်။ ၂၇-၅-၂၀၀၇ရက်နေ့တွင် ဆူပူဆန္ဒပြသူတစ်စုက ရွှေတိဂုံဘုရားသို့ ချီတက်ရန်ကြိုးစားရာတွင် အမေရိကန်သံရုံးမှ ဒုတိယအတွင်းဝန် အမျိုးသမီးကိုယ်တိုင်လိုက်ပါခဲ့သဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ခေါ်ယူသတိပေးမှုပြုခဲ့ရသည်လည်း ရှိပါသည်။

> သံရုံးဝန်ထမ်း ဆိုသည်မှာ မိခင်နိုင်ငံ၏ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာနိုင်ငံ၏ သံရုံးများတွင် တာဝန်ထမ်းခွင့် ရရှိကြသူများသာဖြစ်။ မြန်မာနိုင်ငံသား စစ်စစ်များဖြစ်ပြီး မြန်မာနိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေရန် ၁၀၀% ရာခိုင်နှုန်း ဝတ္တရားရှိသူများသာဖြစ်။

ပြောင်ပြောင်တင်းတင်းသွားရောက်

ပြီးခဲ့သည့်ရက်ပိုင်းက ကြိုကြားကြိုကြားဖြစ်ပွားခဲ့သော လမ်းလျှောက်ဆန္ဒပြမှုအချို့၌လည်း အမေရိကန်သံရုံးဝန်ထမ်းများက ဝင်ရောက်စွက်ဖက်အားပေးမှုများရှိခဲ့ကြောင်း သိရှိရပါသည်။ ၂၂-၈-၂၀၀၇ရက်နေ့က NLDထုတ်ပယ်ခံ/ပါတီဝင်များနှင့် ၈၈မျိုးဆက် ကျောင်းသားအမည်ခံအချို့တို့ ရန်ကုန်-အင်းစိန် လမ်းမကြီးပေါ်၌ ပြုလုပ်သည့် ဆန္ဒပြပွဲသို့လည်းကောင်း၊ ၂၃-၈-၂၀၀၇ရက်နေ့က NLD ပါတီဝင်များ ဗဟန်းရေတာရှည်လမ်းဟောင်း၌ ပြုလုပ်ခဲ့သည့် ဆန္ဒပြပွဲသို့လည်းကောင်း၊ ၂၈-၈-၂၀၀၇ရက်နေ့က ရန်ကုန်တိုင်း NLDပါတီဝင်အချို့ လှည်းတန်းဈေးမှ စတင်ခဲ့သည့် လမ်းလျှောက်ဆန္ဒပြပွဲသို့လည်းကောင်း အမေရိကန်သံရုံးမှ ဒုတိယအတွင်းဝန် မစ္စလက်စလေ အမ် ဟေဒင်နှင့်သံရုံးဝန်ထမ်း စကားပြန် ရွှေစင်ညွှန့်တို့သည် သံ-၁/၄၂နှင့် သံ-၁/၅၇ မော်တော်ယာဉ်များဖြင့် ပြောင်ပြောင်တင်းတင်းသွားရောက်ကာ ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရပါသည်။

လတ်တလောကြားသိရသည့် သတင်းများအရ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် ဌေးကြွယ်မှာ နိုင်ငံကြီးတစ်နိုင်ငံ၏ သံရုံးမှ အကာအကွယ်ပေး၍ လုံခြုံသည့်နေရာတွင် ဝှက်ထားပေးသဖြင့် ယခုတိုင် လွတ်မြောက်လျက်ရှိကြောင်း သိရှိရပါသည်။ ဗီယင်နာကွန်ဗင်းရှင်းပါ သံတမန်ကျင့်ထုံးများကို လွယ်လွယ်နှင့်ဖောက်ဖျက်လျက်ရှိသော သံရုံးများလည်း ရှိနေသည်မှာ အထင်အရှားပင်ဖြစ်ပါသည်။

မိခင်မြန်မာနိုင်ငံ၏ ကျေးဇူးသစ္စာ

ဤနေရာ၌ အလျဉ်းသင့်၍ သံရုံးဝန်ထမ်းများအကြောင်း အနည်းငယ်တင်ပြလိုပါသည်။ သံရုံးဝန်ထမ်း ဆိုသည်မှာ မိခင်နိုင်ငံ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာနိုင်ငံ၏သံရုံးများတွင် တာဝန်ထမ်းခွင့်ရရှိကြသူများသာ ဖြစ်ပါသည်။ မြန်မာနိုင်ငံသား စစ်စစ်များဖြစ်ပြီး မြန်မာနိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေရန် ၁၀၀ %ရာခိုင်နှုန်း ဝတ္တရားရှိသူများသာဖြစ်ပါသည်။ တာဝန်ထမ်းဆောင်ရာတွင်လည်း မိခင်နိုင်ငံအစိုးရ၏ မူဝါဒဘောင်အတွင်းကသာ ဖြောင့်မတ်တည်ကြည်စွာဖြင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်း၍ ပြုမူဆက်ဆံကြရမည်သာဖြစ်ပါသည်။ မည်သည့်နိုင်ငံ၏သံရုံးတွင် မည်သည့်အဆင့်ဖြင့် အမှုထမ်းရသည် ဖြစ်စေ၊ နိုင်ငံခြားငွေ မည်မျှလစာရသည်ဖြစ်စေ မိခင်မြန်မာနိုင်ငံ၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ရန်မသင့်ပါ။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

> ၁၉၉၀ ဝန်းကျင်မှစ၍ မြန်မာနိုင်ငံတွင် အမေရိကန်သံအမတ်ကြီးဟူ၍ ခန့်အပ်ခြင်း မရှိတော့ဘဲ သံရုံးယာယီတာဝန်ခံများဖြင့်သာ တာဝန်ထမ်းဆောင်စေခဲ့။ မြန်မာနိုင်ငံဘက်မှ အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတစ်ဦးပြောင်း၍ နောက်တစ်ဦးလဲလှယ်ရန် အဆိုပြုသည့်အခါ အမေရိကန်ဘက်မှလည်း တုံ့ပြန်သည့်သဘောဖြင့်ပယ်ချခဲ့။ ထို့ကြောင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး၌ သံရုံးယာယီတာဝန်ခံအဆင့်များဖြင့်သာ ဆက်ဆံနေရ။

> သံတမန်ကျင့်ဝတ်နှင့်အညီ မြန်မာတို့ဘက်မှလိုက်နာစောင့်ထိန်းလျက်ရှိသော်လည်း အမေရိကန်သံရုံးကမူ လူအင်အားအများအပြား ခန့်ထားပြီး မြန်မာ့ပြည်တွင်းရေးကို နည်းလမ်းမျိုးစုံသုံး၍ စွက်ဖက်ခြေရှုပ် နှောင့်ယှက်လျက်ရှိကြ။ အမေရိကန်သံရုံးဝန်ထမ်းအများအပြားကိုလည်း အကြောင်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် ပြည်ဝင်ခွင့်ဗီဇာများ အဆက်မပြတ်တောင်းခံလျက်ရှိရာ ၂၀၀၇နှစ်ဆန်းပိုင်းမှ ဩဂုတ်လကုန်အထိ ဗီဇာလျှောက်ထားသူ ရာဂဏန်းကျော်အထိရှိခဲ့။

အမေရိကန်၊ ဗြိတိန်တို့၏ မြန်မာ့နိုင်ငံရေး၌ ဝင်ရောက်နှောင့်ယှက် စွက်ဖက်မှုများ (၃)

စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

ယခုမူ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတွင် တာဝန်ထမ်းဆောင်နေကြသော မြန်မာဝန်ထမ်းများသည် ဒေါ်လာမျက်နှာတစ်ခုတည်းကိုသာကြည့်ပြီး အမေရိကန်များ၊ အင်္ဂလိပ်များကို လုံးလုံးကိုးကွယ်သစ္စာစောင့်သိ ကျိုးနွံလျက်ရှိသည်မှာ ရှက်ဖွယ်ကောင်းလှပါသည်။ ကိုလိုနီခေတ်က ဘုရားထူး ကျွန်ခံဘဝကို ရဲရဲတောက် ဆန့်ကျင်တွန်းလှန်ခဲ့သည့် မြန်မာတို့၏ သခင်စိတ်ဓာတ်၊ သခင်သွေးများသည် သံရုံးများကပေးသည့် ဒေါ်လာများကိုစားရင်း ကျွန်စိတ် ကျွန်သွေးများအဖြစ် မည်သည့်အချိန်က ပြောင်းလဲသွားခဲ့သည်ပင် မသိပါ။ သံရုံးက အပေါက်စောင့်၊ ဒရိုင်ဘာ၊ ဒရဝမ်ကအစ ကိုယ့်လူမျိုးချင်းဆိုလျှင် သွေးနားထင်ရောက်ပြီး မောက်မာ သလောက် ပထွေးနှင့်တွေ့သည့်အခါ ရိုကျိုးပျပ်ဝပ်နေလိုက်သည်မှာ အချုပ်တန်းဆရာဖေဆိုခဲ့သည့်အတိုင်း အမျိုးပါ ဆဲချင်လောက်အောင်ပင် ဖြစ်နေပါသည်။ အဆိုပါ သံရုံးဝန်ထမ်းများ၏ မိခင်နိုင်ငံအပေါ် တန်ဖိုးမထားမှု၊ မလေးစားမှု၊ ကျွန်စိတ်မွေးမှု၊ သစ္စာဖောက်ဖျက်မှုများကြောင့် အဆိုပါ နိုင်ငံခြားသံတမန်များသည်လောက်အထိ အတင့်ရဲစွာ စွက်ဖက်ခြယ်လှယ် ခြေရှုပ်ခွင့်ရရှိနေခြင်းပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

နိုင်ငံရေးသင်တန်းများ ဖွင့်လှစ်

အမေရိကန်သံရုံးတွင် ဖွင့်လှစ်ထားသော အမေရိကန်စင်တာသည် ၁၉၅၀ပြည့်လွန်နှစ်များကတည်းက မြန်မာပြည်သူများနှင့် အမေရိကန်ပြည်သူများအကြား အပြန်အလှန် နားလည်မှုတိုးမြှင့်စေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော် ၁၉၈၈နောက်ပိုင်းတွင် အမေရိကန်စင်တာသည် သံတမန်ဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းက ခွင့်ပြုထားသည့် နှစ်နိုင်ငံယဉ်ကျေးမှု၊ ပညာရေးနှင့် ပြန်ကြားရေးဆိုင်ရာ ဆက်ဆံမှုများကို တိုးမြှင့်စေမည့် လုပ်ငန်းများအစား နိုင်ငံတော်ကို ဆန့်ကျင်နေသည့် ပုဂ္ဂိုလ်များကို လေ့ကျင့်သင်တန်းပေးမှုများသို့ ဦးတည်လုပ်ဆောင်လာသည်ကို တွေ့ရပါသည်။ လက်ရှိအချိန်တွင် ပညာရေးနှင့်မဆိုင်သော နိုင်ငံရေးသင်တန်းများကို ဖွင့်လှစ်လျက်ရှိပြီး ထိုသင်တန်းများသို့ NLD အပါအဝင် အစိုးရကို ဆန့်ကျင်လှုပ်ရှား ဆောင်ရွက်နေသူများကိုသာ ရွေးချယ်တက်ရောက်ခွင့်ပြုလျက် ရှိပါသည်။

အစိုးရဆန့်ကျင်ရေး လှုပ်ရှားသူများ

ထိုသို့ နိုင်ငံရေးသင်တန်းများ ပို့ချသည့်အပြင် NLD ပါတီဝင်များနှင့် အစိုးရဆန့်ကျင်ရေးလှုပ်ရှားနေသူများကို ဖိတ်ခေါ်ပြီး စီးပွားရေး၊ အလုပ်သမားရေးရာ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ အရှေ့ဥရောပနိုင်ငံများတွင် ဖြစ်ပေါ်ခဲ့သည့် အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုများနှင့် ပတ်သက်သည့် သတင်းမှတ်တမ်းများ ပြသပြီး ဆွေးနွေးစေခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ၇-၆-၂၀၀၇ရက်နေ့တွင် အမေရိကန်သံရုံး ယာယီတာဝန်ခံနေအိမ်၌ ပြုလုပ်သည့် စီးပွားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် တက်ရောက်သူ ၂၄ဦးအနက် ပြင်ပဂျာနယ်မှ တစ်ဦး၊ NGO မှတစ်ဦး၊ ပညာရှင်နှစ်ဦးနှင့် အမေရိကန်စင်တာမှ ဝန်ထမ်းသုံးဦးသာ ပါဝင်ပြီး ကျန်သူများမှာ NLD ပါတီဝင်များ၊ အစိုးရဆန့်ကျင်ရေး လှုပ်ရှားသူများ ဖြစ်သည်ကို တွေ့ရပါသည်။

အမေရိကန်စင်တာနှင့် ဆက်နွှယ်

အမေရိကန်စင်တာနှင့် ဆက်နွှယ်သည့် ဖြစ်စဉ်တစ်ရပ်ကို တင်ပြလိုပါသည်။ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဝင်းအတွင်းရှိ ကယားပြည်နယ် ဝိဇ္ဇာလယကျောင်းဆောင်တွင် သီတင်းသုံး၍ မဟာသင်တန်း(ကျမ်းပြု)တက်ရောက်လျက်ရှိသည့် သံဃာတော် ဦးမာနိတထံသို့ ၂၇-၆-၂၀၀၇နေ့တွင် အမေရိကန်စင်တာမှ အမေရိကန် နိုင်ငံသားဝန်ထမ်း တော့ဒ်ပရီယားစ်နှင့် မြန်မာဝန်ထမ်းနှစ်ဦးတို့ သံရုံးကားနှစ်စီးဖြင့် ရောက်ရှိဆက်သွယ်လာခဲ့ကြောင်း သိရှိရပါသည်။ တာဝန်ရှိသူများက အဆိုပါလုပ်ရပ်သည် သာသနာ့တက္ကသိုလ်မှထုတ်ပြန်ထားသော စည်းကမ်းများကို ဖောက်ဖျက်ခြင်းဖြစ်ကြောင်း ဆရာတော်ကြီးများထံ တင်ပြလျှောက်ထားခဲ့ရာ ၎င်းဦးမာနိတနှင့်ပတ်သက်နေသည့် NLD နှင့် ၈၈မျိုးဆက်ကျောင်းသားအမည်ခံများက ၎င်းကိစ္စကိုအကြောင်းပြု၍ သံဃာထုအတွင်း ဆူပူမှုဖြစ်စေရန် အခွင့်ကောင်းယူလှုံ့ဆော်ခဲ့ကြပါသည်။ ဇာတ်ပေါင်းပါက ၎င်းဦးမာနိတသည် ၂၀၀၆ ခုနှစ် နိုဝင်ဘာလမှစ၍ အမေရိကန်စင်တာတွင် အင်္ဂလိပ်စာသင်တန်းတက်ရောက်ပြီး အမေရိကန်သံရုံး၊ NLDနှင့် ၈၈မျိုးဆက်ကျောင်းသားအမည်ခံများနှင့် အဆက်အသွယ်ရှိထားသူဖြစ်နေပါသည်။ ထို့ကြောင့် အမေရိကန်စင်တာ၌ တည်ဆဲအစိုးရဆန့်ကျင်သူများ စုဝေးတိုင်ပင် နှီးနှောလျက်ရှိကြကြောင်း ပေါ်လွင်လာပါသည်။

ဆန့်ကျင်လှုပ်ရှားနေသူများကို သင်တန်းများပေး

အမေရိကန်သံရုံးမှ ပြည်တွင်းနှင့် ပြည်ပရှိ အစိုးရကို ဆန့်ကျင်လှုပ်ရှားနေသူများကို သင်တန်းများပေးနေမှုနှင့် ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၏ Supporting Human Rights and Democracy: The US Record 2006 အစီရင်ခံစာတွင် အမေရိကန်နိုင်ငံအနေဖြင့် မြန်မာပြည်သူများအတွင်း နိုင်ငံရေးအပြောင်းအလဲကာလ၌ ခေါင်းဆောင်တာဝန်ယူရမည့်သူများအတွက် အရည်အချင်းမြှင့်တင်ပေးသည့် သင်တန်းများ ဖွင့်လှစ်နေကြောင်း၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် နိုင်ငံအုပ်ချုပ်မှု ဘာသာရပ်များနှင့် ပတ်သက်ပြီး သင်တန်းများ၊ ဟောပြောပွဲများ၊ ပညာသင်ဆုများ၊ ပုံနှိပ်စာစောင်များအပါအဝင် အခြားသတင်းဖြန့်ချိသည့် နည်းလမ်းများကို အသုံးပြုပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြောင်း၊ မြန်မာပြည်တွင်းရှိ သံတမန်များကလည်း အစိုးရကပိတ်ပင်ထားသော Web-site များမှ သတင်းများကို ပြည်သူများသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးနေကြောင်း၊ အမေရိကန်သံရုံးမှပို့ချသည့် သင်တန်းများကို အခြေခံပြီး ပြည်တွင်းမှ နိုင်ငံရေးလှုပ်ရှားသူများက မြန်မာဘာသာဖြင့် ဆင့်ပွားသင်တန်းများ ထပ်မံပို့ချနိုင်သကဲ့သို့ ၎င်းတို့၏စည်းရုံးရေးလုပ်ငန်းများနှင့် ပြောဆိုဆွေးနွေးမှုအရည်အသွေးများလည်း မြင့်မားလာကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။ အထက်ပါအစီရင်ခံစာပါအချက်များကို လေ့လာပါက အမေရိကန်စင်တာသည် အစိုးရဆန့်ကျင်သူများကို စုဝေးလေ့ကျင့်ပေးရာဌာနအဖြစ်သို့ ရောက်ရှိနေသည်ကို ထင်ရှားစွာ တွေ့နိုင်ပါသည်။

ပလူးပလဲ တပူးတွဲတွဲ

မည်သို့ပင်ဖြစ်စေ၊ အမေရိကန်နှင့်ဗြိတိန်တို့၏ မြန်မာ့အရေးဝင်ရောက်စွက်ဖက်နှောင့်ယှက်ရေး အာဃာတများကား လျှော့ကားလျှော့ဖွယ် မမြင်သေးပါချေ။ ယနေ့ထက်တိုင် ဒေါ်စုကြည်၊ NLD တို့နှင့် လုံးထွေးနေဆဲ။ NLDရုံးချုပ်သို့ သံရုံးကားများ၊ သံရုံးတာဝန်ရှိပုဂ္ဂိုလ်များ ချောင်းပေါက်အောင် ဝင်ထွက် တွေ့ဆုံနေဆဲ။ အမျိုးမျိုးအခါတွေပေးပြီး လွှတ်ပေးပါ၊ လွှတ်ပေးပါ တစာစာအော်နေဆဲ။ ၈၈မျိုးဆက်ကျောင်းသားဆိုသည့် ဒွေးကြွယ်တို့ လက်ကျန်အုပ်စုကိုလည်း အိတ်ကပ်ထဲထည့် မွေးစားပြီး ခိုင်းချင်တာ ခိုင်းနေဆဲ။ ပြည်ပမှာရှိနေသည့် CRDB, DAB, NCUB, NCGUB, ABSDF, KNU စသည်တို့နှင့်လည်း ပလူးပလဲ တပူးတွဲတွဲ ပူးပေါင်းပြီး ဆင်ကြံကြံနေကြဆဲသာ ဖြစ်ပါသည်။

ဒီမိုကရေစီရေးအတွက် အကြောင်းပြ

ချုပ်၍ဆိုပါမည်၊ ဒီမိုကရေစီနှင့် လုံခြုံရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာကွန်ဖရင့်၌ သမ္မတဘုရှ်ပြောကြားခဲ့သကဲ့သို့ ဒီမိုကရေစီရေးအတွက်အကြောင်းပြကာ နိုင်ငံငယ်လေးများအပေါ် ပေါ်ပေါ်ထင်ထင်ရော၊ တိုးတိုးတိတ်တိတ်ပါ စွက်ဖက်ခြေရှုပ်ခဲ့သည်မှာ အတော်ပင် ဒီရေမြင့်တက်လာပြီဟု ဆိုရမည်ဖြစ်ပါသည်။ ဤအခြေအနေတွင် ကမ္ဘာ့မိသားစုဝင်နိုင်ငံများက ကမ္ဘာ့ပွဲကြီးကို ဝိုင်းဝန်းထိန်းသိမ်းဖျောင်းဖျမှုမရှိပါက နိုင်ငံကြီးများအဆင့်ထိ ပြောင်ပြောင်တင်းတင်း လုပ်မလာပါဟု မည်သူမျှ အာမ မခံနိုင်ပါ။ အမေရိကန်သမ္မတကြီးကိုယ်တိုင် လက်ခံတွေ့ဆုံခဲ့သည့် ဒီမိုကရေစီလှုပ်ရှားသူအမည်ခံ နိုင်ငံ့သစ္စာဖောက်များတွင် ရုရှားနှင့်တရုတ်ကဲ့သို့ နိုင်ငံကြီးများမှ သစ္စာဖောက်များပါ ပါဝင်နေသည်မှာ သတိမူဖွယ်ဖြစ်ပါသည်။

အစဉ်တစိုက် ကျူးကျော်စွက်ဖက် နှောင့်ယှက်ခဲ့

မည်သို့ပင်ဖြစ်စေ၊ **အမေရိကန်နှင့် ဗြိတိန်အစိုးရအဆက်ဆက်သည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် အစဉ်တစိုက် ကျူးကျော်စွက်ဖက်နှောင့်ယှက်ခဲ့ကြပါသည်။ ပြည်တွင်းရှိ မြေပေါ်သစ္စာဖောက်အုပ်စုများကို တွေ့ဆုံအားပေး လမ်းညွှန် ကူညီပံ့ပိုးလျက်ရှိပါသည်။ အလားတူ ပြည်ပရှိ ပုဆိန်ရိုး သစ္စာဖောက်ပြည်ပြေးများ၊ လက်ဝဲလက်ယာ နိုင်ငံရေးအုပ်စုများ၊ နယ်စပ်ဒေသရှိ သောင်းကျန်းသူအကြွင်းအကျန်များကို ပေးကမ်းမွေးမြူ သိမ်းသွင်း အသုံးချလျက်ရှိပါသည်။ အမေရိကန်တို့အနေဖြင့် သူတို့၏ အကျိုးစီးပွား တစ်ခုတည်းကိုသာ ရှေ့တန်းတင်ပြီး ကျွန်တော်တို့နိုင်ငံအား ပြည်ထောင်စုပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲအောင် ထိုးနှက်ဖြိုခွဲကာ ၎င်း၏ လက်ဝေခံ ကိုလိုနီကျွန်လက်သစ်နိုင်ငံအဖြစ် သိမ်းသွင်းထူထောင်ရေး၊ ၎င်းတို့ဩဇာခံ ရုပ်သေးအစိုးရတစ်ရပ်ပေါ်ပေါက်လာရေးအတွက် အသွင်ပြောင်း သံတမန်နည်းလမ်း [Transformational Diplomacy]အပါအဝင် နည်းလမ်းပေါင်းစုံသုံး၍ ဦးတည်လုပ်ဆောင်လျက်ရှိသည်မှာ ပကတိအမှန်တရားပင်ဖြစ်ပါသည်။** ပကတိအမှန်တရားကို လူအများ သိနားလည်ပြီး အမျိုးသားနိုင်ငံရေးအသိ၊ အမျိုးသားနိုင်ငံရေးသတိ အပြည့်ထား၍ ပြည်တွင်းရန်၊ ပြည်ပရန်အဝဝကို ညီညွတ်ခြင်းအင်အားဖြင့် ဝိုင်းဝန်းဖယ်ရှား ရှင်းလင်းသုတ်သင်သွားကြရမည်ဖြစ်ပါကြောင်း သတိပေး တင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံရှိ အမေရိကန်နှင့် ဗြိတိန်သံရုံး ဝန်ထမ်းများသည် သံတမန်ကျင့်ဝတ်များကို ဖောက်ဖျက်ပြီး NLD ဌာနချုပ်သို့ သွားရောက်တွေ့ဆုံခြင်း၊ NLD နှင့် ၈၈ မျိုးဆက်ကျောင်းသား အမည်ခံအဖွဲ့မှကျင်းပသော အခမ်းအနားများသို့တက်ရောက်ခြင်း၊ စာရွက်စာတမ်းများ ပေးပို့ခြင်းများကို ၁၉၈၈ ခုနှစ်မှ စတင်၍ အဆက်မပြတ် ဆောင်ရွက်လျက်ရှိ။ ၂၀၀၆ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တစ်နှစ်တာကာလအတွင်း NLD ဌာနချုပ်ရုံးသို့ အမေရိကန်သံရုံးသည် ၂၆၄ ခေါက်၊ ဗြိတိန်သံရုံးသည် ၆၅ ခေါက် အဝင်အထွက်ရှိခဲ့ကြောင်း၊ ၂၀၀၇ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ကာလအတွင်း အမေရိကန်သံရုံးသည် ၁၄၄ ခေါက်၊ ဗြိတိန်သံရုံးသည် ၃၅ခေါက် အဝင်အထွက်ရှိခဲ့ကြောင်း မှတ်တမ်းများအရသိရှိရ။

8-9 (10) 1 9/8/07, 3:12 AM

ငယ်စဉ်က စီးကရက်မီးခိုးရှူမိသူ ကိုယ်ဝန်ဆောင်အမျိုးသမီးများ
ကလေးပျက်ကျရန် အလားအလာပိုများ

နယူးယောက် စက်တင်ဘာ ၇

ကလေးဘဝတွင် စီးကရက်သောက်သည့် မိဘနှစ်ပါးနှင့် နေထိုင်ကြီးပြင်းလာရသော အမျိုးသမီးများမှာ ကိုယ်ဝန်ရှိလာသောအခါ ကလေးပျက်ကျရန် အလားအလာပိုများကြောင်း နောက်ဆုံး သုတေသနပြု တွေ့ရှိချက်အရ သိရသည်။

၈၀ ရာခိုင်နှုန်းပိုများ

စီးကရက်မသောက်သည့် ကိုယ်ဝန်ဆောင်အမျိုးသမီး ၂၂၀၀နီးပါးကို သုတေသီများက လေ့လာကြည့်သောအခါတွင် ငယ်စဉ်က ဆေးလိပ်မီးခိုးရှူရှိုက်ခဲ့သော ကိုယ်ဝန်ဆောင်အမျိုးသမီးများမှာ မိဘများ စီးကရက်လုံးဝမသောက်သည့် အမျိုးသမီးကိုယ်ဝန်ဆောင်သူများထက် ကလေးပျက်ကျရန် ၈၀ရာခိုင်နှုန်းပိုများကြောင်း တွေ့ရသည်ဟု ဆိုသည်။

အန္တရာယ်ပြုနိုင်

ဆေးလိပ်မီးခိုးက သန္ဓေသားနှင့် ကလေးသူငယ်များ၏ ကြီးထွားမှုကို အန္တရာယ်ပြုနိုင်ကာ ပေါင်မပြည့်သည့် ကလေးများမွေးဖွားခြင်းနှင့် ချောင်းဆိုး၊ ကြက်ညှာရောဂါဖြစ်ခြင်း စသည့်ပြဿနာများ ပေါ်ပေါက်စေကြောင်း မီချီကန်တက္ကသိုလ် ပြည်သူ့ကျန်းမာရေးဌာနမှ ဒေါက်တာ ဂျွန်မီးကားက ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အမြင့်ဆုံး သဲပန်းပုရုပ်တု

ကမ္ဘာပေါ်တွင် အမြင့်ဆုံးသဲပန်းပုရုပ်တုတစ်ခု ပြုလုပ်ထားသည်ကို တွေ့ရစဉ်။ (ယာပုံ)

ပိုလန်နိုင်ငံ ကာစကိုမြို့တွင် ပြုလုပ်ထားသော သဲပန်းပုရုပ်တုတစ်ခုမှာ အမြင့်၃၁ဒသမ၇ပေရှိရာ ကမ္ဘာပေါ်တွင် သဲဖြင့် ပြုလုပ်ထားသော ရုပ်တုများ၌ အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာ့ အကြီးဆုံး လမုန့်ကြီး

ကမ္ဘာ့အကြီးဆုံး လမုန့်ကြီးတစ်ခုပြုလုပ်ထားသည်ကို တွေ့ရစဉ်။ (အောက်ပုံ)

တရုတ်နိုင်ငံ လျောင်နင်းပြည်နယ် ရှန်ယန်မြို့တွင် မြို့သူမြို့သားများက မကြာမီရောက်ရှိမည့် ရိုးရာလေ့ပွဲတော်တစ်ခုအတွက် ကြိုဆိုမှုအထိမ်းအမှတ်အဖြစ် အချင်း ၈ဒသမ ၁၅မီတာနှင့် အလေးချိန် ၁၃မက်ထရစ်တန်ရှိသော လမုန့်ကြီးတစ်ခုပြုလုပ်ခဲ့ကြောင်း၊ အဆိုပါလမုန့်မှာ ကမ္ဘာပေါ်တွင် အကြီးဆုံးဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**



အာဖဂန်နစ္စတန်၌ အစာရှိနှစ်ဦး ပြန်ပေးဆွဲခံရ

ကဘူးလ် စက်တင်ဘာ ၇

အာဖဂန်နစ္စတန်နိုင်ငံတွင် အမည်မသိလက်နက်ကိုင်များက အာဖဂန်နစ္စတန်အရာရှိ နှစ်ဦးကို ပြန်ပေးဆွဲသွားခဲ့ကြောင်း၊ တာလီဘန် လက်နက်ကိုင်များ၏ နောက်ဆုံး ပြန်ပေးဆွဲ လှုပ်ရှားမှုဖြစ်ကြောင်း အစိုးရအကြီးအကဲများက စက်တင်ဘာ ၄ရက်၌ သတင်းထုတ်ပြန်သည်။

အဖမ်းခံရ

ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ယင်းဝန်ထမ်းနှစ်ဦးသည် စက်တင်ဘာ၃ရက်က အာဖဂန်နစ္စတန်နိုင်ငံအနောက်တောင်ပိုင်း နီမို့ဇ်ပြည်နယ် ဒေသခံများနှင့် စီမံကိန်းတစ်ခုအကြောင်း ဆွေးနွေးနေစဉ် အဖမ်းခံခဲ့ရကြောင်း ဝန်ကြီးဌာနသတင်း တစ်ရပ်တွင် ဖော်ပြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ရုရှား၌ သကြားစက်ရုံ ပေါက်ကွဲမှု ဖြစ်ပွား

မော်စကို စက်တင်ဘာ ၇

ရုရှားနိုင်ငံ၏ အကြီးဆုံး သကြားထုတ်လုပ်သည့်ကုမ္ပဏီတစ်ခုဖြစ်သည့် ပရိုဒီမက်စ်ကုမ္ပဏီပိုင် သကြားစက်ရုံတစ်ရုံ စက်တင်ဘာ ၄ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးသေဆုံးသွားခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူများက ပြောကြားသည်။

အဆိုပါသကြားစက်ရုံမှာ မော်စကိုမြို့တောင်ဘက် ဗော်ရိုနစ်ဇ်ဒေသတွင် တည်ရှိပြီး နည်းပညာပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် ပေါက်ကွဲခြင်း ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်၌ ကာလဝမ်းရောဂါဖြစ်ပွား

ဘဂ္ဂဒက် စက်တင်ဘာ ၇

အီရတ်နိုင်ငံမြောက်ပိုင်း ပြည်နယ်နှစ်ခုဖြစ်သော ဆူလာမာနီးယားနှင့်တာမင်းပြည်နယ်တို့တွင် ကာလဝမ်းရောဂါဖြစ်ပွားသဖြင့် ရှစ်ဦးသေဆုံးပြီး လူ၈၀ ရောဂါခံစားလျက်ရှိကြောင်း ကာဒစ္စတန်ဒေသအစိုးရက ကြေညာသည်။

စမ်းသပ်စစ်ဆေး

ဒေသန္တရ ကျန်းမာရေး အာဏာပိုင်များက ထိုပြည်နယ်နှစ်ခုမှ ကာလဝမ်းရောဂါဖြစ်ဖွယ်ရှိသူ ၄၂၅၀ကိုလည်း စမ်းသပ် စစ်ဆေးလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီး ဇာယန်အော့သမန်က ပြောကြားသည်။

ကာလဝမ်းရောဂါ ဖြစ်ပွားသည့်နေရာများသို့အထူးကုအဖွဲ့များနှင့်အရေးပေါ်အကူအညီများ စေလွှတ်ပေးပို့ထားကြောင်း၊ လက်ရှိ ကာလဝမ်းရောဂါဖြစ်ပွားမှုနှုန်းမှာ လွန်ခဲ့သည့်သုံးနှစ်ကထက်သုံးဆပိုများပြီး မြို့တော်ဘဂ္ဂဒက်နှင့်အခြားဒေသများသို့ပါကူးစက်နိုင်ကြောင်း သတိပေးထားသည်ဆိုသည်။ **(အင်တာနက်)**

ဒေသအတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် လွတ်လပ်စွာကုန်သွယ်မှု ပြုလုပ်ရန် အေပက်စီးပွားရေးဆိုင်ရာခေါင်းဆောင်များ တိုက်တွန်း

ဆစ်ဒနီ စက်တင်ဘာ ၇

ဒေသအတွင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုများ တိုးတက်ဖြစ်ထွန်းရန် အေပက်အဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဆိုင်ရာခေါင်းဆောင်များက စက်တင်ဘာ ၅ရက်၌ တိုက်တွန်းလိုက်ကြသည်။ အေပက်စီးပွားရေးအကြံပေးကောင်စီ (အေဘီအေစီ)က ဒေသတွင်း ကုန်စည်စီးဆင်းမှု တိုးတက်လာစေရေးကိုလည်း တွန်းအားပေးခဲ့ကြသည်။

အာရှ–ပစိဖိတ်ဒေသတွင် စီးပွားရေးဖွံ့ဖြိုးမှုများ အရှိန်အဟုန်ဖြင့်ဖြစ်ထွန်းလာစေရေးအတွက် အေပက်ခေါင်းဆောင်များအား မိမိပြောကြားခဲ့ကြောင်း ၂၀၀၇ ခုနှစ်အတွက် အေဘီအေစီဥက္ကဋ္ဌ မက်ဂျွန်ဆင်ကပြောကြားသည်။

တိုက်တွန်းထား

ထို့အပြင်ဒေသအတွင်း လွတ်လပ်စွာ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အကျိုးကျေးဇူးများရရှိစေရန်လည်း ၎င်းက တိုက်တွန်းထားသည်။

ကမ္ဘာ့ကျန်းမာရေးနှင့် စားနပ်ရိက္ခာအဖွဲ့တို့ ပူးပေါင်းကာ ဆွေးနွေးမှုနှင့် ညှိနှိုင်းမှုများပြုလုပ်ခြင်းဖြင့်လည်း အကျိုးကျေးဇူးများ၊ အောင်မြင်မှုများ ရရှိနိုင်ကြောင်း ၎င်းကပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမေရိကတိုက် အလယ်ပိုင်း ဟွန်ဒူးရပ်စ်နိုင်ငံ လာစီဘာမြို့ရှိ လမ်းမများပေါ်တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေလွှမ်းနေသည်ကို စက်တင်ဘာ ၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

သိပ္ပံနှင့်နည်းပညာ၊ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုနှင့် စက်မှုကဏ္ဍများ ပါကစ္စတန်နှင့် တူနီးရှား ပူးပေါင်းဆောင်ရွက်မည်

အစ္စလာမ္မာဘတ် စက်တင်ဘာ ၇

ပါကစ္စတန်နှင့် တူနီးရှားနှစ်နိုင်ငံတို့သည် သိပ္ပံနှင့်နည်းပညာ၊ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုနှင့် စက်မှုလုပ်ငန်းစသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရန် နားလည်မှု စာချွန်လွှာလေးခုကို နှစ်နိုင်ငံကိုယ်စားလှယ်များက ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့တွင် စက်တင်ဘာ ၄ ရက်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

ပါကစ္စတန်နှင့် တူနီးရှားနှစ်နိုင်ငံတို့၏နှစ်ရက်ကြာကျင်းပသည့်(၆)ကြိမ်မြောက် ဝန်ကြီးများ ပူးတွဲကော်မတီ အစည်းအဝေး၌ အဆိုပါနားလည်မှု စာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

သဘောတူညီ

ပါကစ္စတန်နှင့် တူနီးရှား နှစ်နိုင်ငံသည် လာမည့် လေးနှစ်တာ ကာလအတွင်း ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာသန်း ၂၀၀မှ သန်း၃၀၀ အထိရောက်ရှိအောင် ကုန်သွယ်မှုပြုရေးကို သဘောတူညီခဲ့ကြသည်။

နှစ်နိုင်ငံတို့အနေဖြင့် နှစ်ရက်ကြာကျင်းပသည့် အစည်းအဝေး၌ အထည်အလိပ်၊ သိပ္ပံနှင့်နည်းပညာ၊ လယ်ယာစိုက်ပျိုးရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းစသည့်ကဏ္ဍတို့၌ ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးမြှုပ်နှံကြရန် ဆွေးနွေးခဲ့ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

အီတလီနှင့် ပြင်သစ်နည်းပြတို့ အားပြိုင်မည့် ယူရိုခြေစစ်ပွဲ

မီလန် စက်တင်ဘာ ၇

ယူရိုခြေစစ်ပွဲတွေကို စက်တင်ဘာ ၈ရက် **(ယနေ့)**မှာ ဆက်လက် ကစားမှာ ဖြစ်ပါတယ်။ ဒီနေ့ပွဲမှာ ကမ္ဘာ့ဘောလုံး အင်အားကြီးနိုင်ငံ အသင်းတွေဖြစ်တဲ့ အီတလီနဲ့ ပြင်သစ်တို့ရဲ့ ခြေစစ်ပွဲဟာ အကြိတ်အနယ်ရှိမယ့်ပွဲအဖြစ် မြင်တွေ့ရမှာ ဖြစ်ပါတယ်။

စိတ်ဝင်စားစရာ

ဒီပွဲဟာ အုပ်စုပထမ နေရာကို ရယူဖို့ကြိုးစားမယ့် အီတလီနဲ့ နိုင်ပွဲရအောင်ဆက်တိုက်ယူမယ့် ပြင်သစ်တို့ရဲ့ အားပြိုင်ပွဲဖြစ်တာမို့ ပြင်သစ်နည်းပြ ရေမွန်ဒိုမီနစ်ဟာ အီတလီကို အဝေးကွင်းနိုင်ပွဲရအောင် စွမ်းဆောင်နိုင်ပါ့မလားဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။

အကြွေးဆပ်ဖို့

လက်ရှိ ကမ္ဘာ့ဖလား ချန်ပီယံ အီတလီအသင်းဟာ ပြီးခဲ့တဲ့ ယူရိုခြေစစ်ပွဲကို ပြင်သစ်ကွင်းမှာသွားကစားတော့ ပြင်သစ်တို့က သုံးဂိုး-တစ်ဂိုးနဲ့ ပညာပေးလိုက်တာမို့ အခုပွဲမှာ အီတလီတို့ ပြင်သစ်ကို အကြွေးဆပ်ဖို့ ပြင်ဆင်ထားပါတယ်။

စိတ်ချစရာ

ပြင်သစ် အသင်းမှာ ဗီအဲရာနဲ့ ဂါးလက်စ်တို့ ပါဝင်နိုင်ဖို့ မသေချာပါဘူး။ နှစ်ဦးစလုံး ဒဏ်ရာကိုယ်စီတွေ ရရှိထားတာမို့ ပါဝင်ကစားခဲ့ရင်တောင် အချိန်ပိုင်းလောက်သာ ကစားနိုင်ပါလိမ့်မယ်။ ပြင်သစ်အသင်းရဲ့ တိုက်စစ်မှာတော့ အွန်နရီရှိပြီး မာလူဒါ၊ ရီဘာရီ၊ မက်ခ်လီလီနဲ့ ကောလာလန် တို့ကတော့ တိုက်စစ်ပံ့ပိုးပေးမယ့် ကွင်းလယ်ကစားသမားတွေအဖြစ်နဲ့ ပါဝင်လာဖို့ရှိပါတယ်။ ပြင်သစ်ဂိုးသမားကတော့ မိုက်ကယ်လန်ဒဂူ တာဝန်ယူဖို့ များတာမို့ စိတ်ချစရာရှိနေပါတယ်။

ပြင်သစ်အသင်းမှာ အသက်အကြီးဆုံး ကစားသမားကတော့ ၃၅နှစ်ရှိနေပြီဖြစ်တဲ့ နောက်ခံ ကစားသမား လီလီယန်သူရမ်ဖြစ်ပြီး အသက်အငယ်ဆုံးကတော့ ၁၉နှစ်သာ ရှိသေးတဲ့ တိုက်စစ်မှူး ဘင်ဇီမာဖြစ်ပါတယ်။ ပြင်သစ်အသင်း ကစားသမားတွေရဲ့ အသက်ဟာ ပျမ်းမျှ ၂၉နှစ်လောက်ရှိနေသလို အီတလီအသင်းကလဲ မနုပျိုပါဘူး။

ပြင်သစ်အသင်းကို ရှုံးကြွေးဆပ်မည့် အီတလီနည်းပြ ရိုဘာတို ဒိုနာဒိုနီ။ (ဓာတ်ပုံ-အင်တာနက်)

ဝေဖန်နေကြ

တော့တီမပါတဲ့ အီတလီ တိုက်စစ်မှူးတွေကိုကြည့်ရင် လူကာတိုနီ၊ဒယ်ပီရာရို၊ လူကာရီလီ၊ အင်ဇာဂီနဲ့ နာတာလီတို့ အကုန်လုံးဟာ အသက်၃၀ကျော်တွေချည်းပါပဲ။ ဒီလိုပါပဲ အလယ်တန်းက ဇမ်ဘရော့တာ၊ဂတ်တူဆိုနဲ့ အမ်ဘရိုစီနီတို့ကလည်း အသက်၃၀အရွယ်တွေမို့ အီတလီအသင်းကို အဘိုးကြီးအသင်းလို့ ဝေဖန်နေကြပါတယ်။

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

ရှုံးကြွေးဆပ်ဖို့

ဒါပေမယ့် မိမိတို့အသင်းဟာ ပြင်သစ်ကို ရှုံးကြွေးဆပ်ဖို့အသင့်ဖြစ်နေပြီလို့ အီတလီနည်းပြ ရိုဘာတို ဒိုနာဒိုနီ ပြောကြားနေပါတယ်။

စိုးရိမ်စိတ်

လောလောဆယ်မှာတော့ အီတလီအသင်းမှာ အားထားရတဲ့ တိုက်စစ်မှူး လူကာတိုနီဟာ ကြွက်သားနာကျင်မှုဒဏ်တွေခံနေရလို့ ကြံ့ခိုင်မှုမရှိဖြစ်နေတာကြောင့် အီတလီနည်းပြ ရိုဘာတိုဒိုနာဒိုနီ စိုးရိမ်စိတ် ဖြစ်နေရပါတယ်။

တွဲသုံးရင်

ဒါပေမယ့်လည်းအီတလီတိုက် စစ်မှာ အေစီမီလန်တိုက်စစ်မှူး အင်ဇာဂီရှိနေတာမို့ဒယ်ပီယာရိုနဲ့ အူဒီးနိစ် တိုက်စစ်မှူး ဖာဘီရီတို့ကို တွဲသုံးရင်တော့ အခြေအနေကောင်းမှာ ဖြစ်ပါတယ်။

အီတလီခံစစ်ပိုင်းမှာ မာတာရာဇီ ဒဏ်ရာရနေတာမို့ ရိုးမားခံစစ်မှူး ပနူချီကို အားဖြည့်ခေါ်ယူထားပါတယ်။ ပနူချီကလည်း အသက် ၃၄နှစ် ရှိနေပြီဖြစ်တဲ့အတွက် ထိန်းကစားပေးနိုင်တာကလွဲပြီး အရှိန်အဟုန်နဲ့ တစ်ဖက်အသင်းထိုးဖောက်မှုကိုလျှင်လျှင်မြန်မြန် ထိန်းချုပ်ဖို့ ခက်ပါလိမ့်မယ်။

ပြင်သစ်နည်းပြ ရေမွန်ဒိုမီနစ် ဘယ်လိုဗျူဟာ ခင်းကျင်းမလဲ။ (ဓာတ်ပုံ-အင်တာနက်)

ပိုကောင်း

အီတလီနဲ့ ပြင်သစ်တို့ရဲ့ ယူရိုခြေစစ်ပွဲကစားခဲ့တဲ့ ခုနစ်ပွဲကိုကြည့်ရင် နှစ်သင်းစလုံးတစ်ပွဲစီ ရှုံးထားပေမယ့် အီတလီတို့က သရေတစ်ပွဲကျထားပါတယ်။ ပြင်သစ်အသင်းဟာ တိုက်စစ်ရော ခံစစ်အပိုင်းမှာ နည်းနည်းပိုသာပေမယ့် အသင်းလိုက်ကစားပုံက အီတလီ ပိုကောင်းပါတယ်။

အသွင်းခံထားရ

အီတလီအသင်းရဲ့ အားနည်းချက်က ခံစစ်ကြောင်းပါပဲ။ အီတလီ ခံစစ်မှူးတွေဖြစ်တဲ့ ကင်နာဗာရိုနဲ့ အော့ဒိုးတို့ကလည်းအသက်၃၀ကျော်တွေမို့ ကစားအား ရှိပေမယ့် အကျပိုင်းရောက်နေပြီဖြစ်ပါတယ်။ ဒါကြောင့် အီတလီတို့ ယူရိုခြေစစ်ပွဲ ခုနစ်ပွဲမှာ ခြောက်ဂိုးအသွင်းခံထားရခြင်း ဖြစ်ပါတယ်။

အသာစီးမရနိုင်

နှစ်သင်းစလုံးရဲ့ အနေအထားက ဒဏ်ရာရရှိမှုနဲ့ လက်ရှိဘောလုံးသမားတွေရဲ့ခြေစွမ်းကိုကြည့်ရင်ဘယ်အသင်းမှ အသာစီးတော့ မရနိုင်ပါဘူး။

ဒီနှစ်သင်းဟာ ဥရောပမှာ ဘောလုံးနဲ့ ပတ်သက်လာရင် မဟာပြိုင်ဘက်တွေဖြစ်တာကြောင့် အရှုံးအနိုင်ပေါ်အောင်တော့ ကစားကြပါလိမ့်မယ်။

စိတ်ဝင်စားဖွယ်

ဒါကြောင့် အီတလီအသင်းနည်းပြ ရိုဘာတိုဒိုနာဒိုနီနဲ့ ပြင်သစ်နည်းပြ ရေမွန်ဒိုမီနစ်တို့ အားပြိုင်မှုမှာ ဘယ်သူ့ အသင်းအနိုင်ရရှိမယ်ဆိုတာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။ **(ကိုးကား-အင်တာနက်)**

အာဆင်နယ်နည်းပြဝင်းဂါး သုံးနှစ်စာချုပ်ရန် သဘောတူ

လန်ဒန်
စက်တင်ဘာ ၇

အာစင်ဝင်းဂါးသည် အာဆင်နယ်နည်းပြအဖြစ်သုံးနှစ်ဆက်လက် တာဝန်ထမ်းဆောင်သွားရန် သဘောတူညီ လိုက်ပြီ ဖြစ်သည်။

အာဆင်နယ်နည်းပြဝင်းဂါး။ (ဓာတ်ပုံ-အင်တာနက်)

ယင်း သဘော တူညီချက်အရ မကြာမီ အသက် ၅၇နှစ်ရှိ ပြင်သစ် နိုင်ငံသားနည်းပြ အာစင်ဝင်းဂါးနှင့် အာဆင်နယ်တို့ လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာချုပ်သစ်အရ အာစင်ဝင်းဂါးသည် ၎င်းနည်းပြလုပ်ခလစာအဖြစ် တစ်နှစ်လျှင်ပေါင်လေးသန်းခန့် ရရှိဖွယ်ရှိသည်။ ၎င်း၏ လက်ရှိစာချုပ်မှာ ယခုနှစ်ရာသီတွင် ကုန်ဆုံးမည်ဖြစ်သည်။ အာဆင်နယ်နှင့် ထပ်မံစာချုပ်ရန်သဘောတူညီလိုက်ပြီဖြစ်၍ အွန်နရီနှင့်အသင်းဒုတိယဥက္ကဋ္ဌ ဒေးဗစ်ဒိန်းတို့ ထွက်ခွာပြီးနောက် အသင်းမှ ဆက်လက်ထွက်ခွာလိမ့်မည်ဟု ထင်ကြေးပေးနေမှုများမှာလည်း အဆုံးသတ်သွားခဲ့သည်။ အာဆင်နယ် အသင်းသည် မိမိ၏ပြုပြင်ပြောင်းလဲလိုက်သော စနစ်သစ်ကြောင့် အောင်မြင်မှုရလာသည့်အသင်း ဖြစ်ကြောင်း အာစင်ဝင်းဂါးက ပြောကြားသည်။

မျှော်မှန်းကြိုးစား

အာစင်ဝင်းဂါးသည် ၁၉၉၆ခုနှစ်က အာဆင်နယ်သို့ ရောက်လာခဲ့ရာ ပရီမီယာလိဂ် ဖလားသုံးလုံးနှင့် အက်ဖ်အေဖလားလေးလုံး ရယူပေးနိုင်ခဲ့ပြီဖြစ်သည်။ လက်ရှိအခြေအနေအရ အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်ထိပ်သီး လေးသင်းတွင်ရှိနေပြီး ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်ရန် မျှော်မှန်းကြိုးစားနေသောအသင်းဖြစ်သည်။

၂၀၀၆ခုနှစ်က အာဆင်နယ်တို့ ချန်ပီယံလိဂ်ဖလားဗိုလ်လုပွဲအထိ တက်လာနိုင်ခဲ့သည်။ ထိုနှစ်က ဗိုလ်လုပွဲတွင်ဘာစီလိုနာကို ရှုံးခဲ့၍ ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ-မြင့်မောင်စိုး

ကစားခွင့်မရသည့် ရှက်ဗ်ချင်ကို နားမလည်အောင် ဖြစ်နေရသည်ဟုဆို

လန်ဒန် စက်တင်ဘာ ၇

ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကိုက မော်ရင်ဟိုအနေဖြင့် မိမိအား ယခုနှစ်ရာသီတွင် ထည့်မကစားဘဲထားသည်မှာ အဘယ်ကြောင့် ဖြစ်ရသနည်းဟု မေးခွန်းတစ်ရပ် ထုတ်လိုက်သည်။

ရင်ဖွင့်

ရှက်ဗ်ချင်ကိုသည် ယခုသီတင်းပတ်က ယူကရိန်း၌ ချစ်ကြည်ရေးရန်ပုံငွေပွဲတစ်ပွဲတွင် ဂိုးသွင်းယူနိုင်သည်အထိ ကစားနိုင်ခဲ့သော်လည်း ချယ်လ်ဆီးအသင်းက ၎င်းအား အူကျနာဖြစ်နေသေး၍ ထည့်မကစားဘဲထားခြင်းဖြစ်သည်ဟုဆိုသည်။ မော်ရင်ဟို မိမိအား ထည့်မကစားရခြင်းအကြောင်းမှာ နားမလည်နိုင်အောင်ဖြစ်ရကြောင်း ယူကရိန်းကစားသမား ရှက်ဗ်ချင်ကိုက ရင်ဖွင့်သည်။

သွင်းယူပေးနိုင်

သို့သော်လည်း မိမိသည် မစိုးရိမ်ကြောင်း၊ လာမည့်ပြိုင်ပွဲများကစားခွင့်ရရန် ဆက်လက်စောင့်စားဦးမည်သာဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ရှက်ဗ်ချင်ကိုသည် ၂၀၀၆ခုနှစ် နွေရာသီက ပေါင်သန်း ၃၀ဖြင့် အေစီမီလန်မှ ပြောင်းရွှေ့လာသူဖြစ်သည်။ ၎င်း၏ပထမဆုံးရာသီတွင် ချယ်လ်ဆီးအတွက် ၅၁ပွဲ ကစားပြီး ၁၄ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ (အင်တာနက်)

တိုက်စစ်မှူး ရှက်ဗ်ချင်ကို (ဓာတ်ပုံ-အင်တာနက်)

ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲ ရုရှားတင်းနစ်မယ် အကြိုဗိုလ်လုပွဲတက်

နယူးယောက်
စက်တင်ဘာ ၇

ရုရှားတင်းနစ်မယ် ချက်ဗီတက်ဇီ။ (ဓာတ်ပုံ-အင်တာနက်)

နယူးယောက်၌ ကျင်းပလျက် ရှိသော ယူအက်စ်အိုးပင်းအမျိုးသမီး တင်းနစ် ပြိုင်ပွဲတွင် ရုရှား တင်းနစ်အားကစားမယ်အင်နာ ချက်ဗီတက်ဇီသည် အစ္စရေးမှ ရှာဟာပီယာအား ၆-၄၊ ၆-၁ဖြင့် နိုင်ပြီး အကြိုဗိုလ်လုပွဲ တက်ရောက်သွားသည်။

ပထမဆုံး

သူမသည် ပထမဆုံး အကြိမ်အဖြစ် ဂရင်းဆလမ်ဖလား အကြိုဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခြင်းဖြစ်သည်။

၎င်းသည် တစ်နိုင်ငံတည်းသူ ကွတ်ဇ်ညက်ဆိုဗာနှင့် အကြိုဗိုလ်လုပွဲ ကစားရမည် ဖြစ်သည်။

တက်လှမ်း

ကွတ်ဇ်ညက်ဆိုဗာသည် ဟန်ဂေရီဆယ်ကျော်သက် တင်းနစ်အားကစားမယ် စဆာဖေးအား ၆-၁၊ ၆-၄ဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်သည်။

ဆုံတွေ့

အခြားအကြိုဗိုလ်လုပွဲအဖြစ် ကမ္ဘာ့နံပါတ်တစ် ဂျူစတင်ဟေနင်နှင့် ဗီးနပ်စ်ဝီလျံတို့ ဆုံတွေ့ကြမည်ဖြစ်သည်။

(အင်တာနက်)

လူတိုင်းစာတတ်မြောက်ရေး ဒို့အားပေး

"အချိန်ရသမျှ စာဖတ်ကြ
လူနေလှမည့် တို့ဘဝ"

နိုင်ငံတကာစာတတ်မြောက်ရေးနေ့

၂၀၀၇ခုနှစ် စက်တင်ဘာလ ၈ရက် စနေနေ့သည် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ (International Literacy Day) ဖြစ်သည်။

ထိုနေ့သည် စင်စစ်အားဖြင့် ထူးခြားမွန်မြတ်လှသော **ပညာရေးနေ့** တစ်နေ့ဖြစ်ပေသည်။

စာတတ်မြောက်ရေးနေ့၏ဆောင်ပုဒ်

ဤ ၂၀၀၇ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့၏ ဆောင်ပုဒ်သည်-

"စာတတ်မြောက်ခြင်းသည် ကောင်းသောကျန်းမာခြင်းနှင့်ဘဝသာယာချမ်းမြေ့ခြင်းတို့အတွက် သော့ချက်ဖြစ်သည်"

"Literacy, Key to good health and well-being" ဖြစ်သည်။

ရွတ်ဆိုရ၊ မှတ်ရလွယ်စေရန်-

"ရွှင်လန်းကျန်းမာ ချမ်းမြေ့သာ
စာတတ်မြောက်ခြင်းက သော့ချက်ပါ"

ဟူ၍ ဖော်ပြလိုပါသည်။

ဤဆောင်ပုဒ်အရ ၂၀၀၇ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားဆောင်ရွက်မှုသည် စာတတ်မြောက်မှုနှင့် ကောင်းသော ကျန်းမာခြင်း၊ ကောင်းသော ဘဝသာယာချမ်းမြေ့ခြင်းတို့ကို ကောင်းစွာ ဆက်စပ်ဆောင်ရွက်ခြင်း၊ အလေးထားဆောင်ရွက်ခြင်းပြုကြရန် အထူး ဆော်သြ တိုက်တွန်းထားခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ အထူးသတိပြုမိကြရန် ဖြစ်ပေသည်။

စာတတ်မြောက်ရေးနေ့၏ သမိုင်းနောက်ခံ

လွန်ခဲ့သော ၄၂နှစ် (ဆယ်စုနှစ်လေးစု)က ၁၉၆၅ခုနှစ် စက်တင်ဘာလ ၈ရက်နေ့တွင် အစပြု၍ အီရန်နိုင်ငံ တီဟီရန်မြို့၌ **"ကမ္ဘာ့စာတတ်မြောက်ရေး ကွန်ဂရက်"** (World Literacy Congress) တစ်ရပ်ကို ၁၂ရက်တိုင်တိုင် အောင်မြင်စွာ ကျင်းပဖြစ်ခဲ့သည်။

ထိုသို့ ကမ္ဘာ့စာတတ်မြောက်ရေး ကွန်ဂရက် စတင်ကျင်းပဖြစ်ခဲ့သည့် စက်တင်ဘာလ ၈ ရက်နေ့ကို အကြောင်းပြု၍ အထိမ်းအမှတ်အဖြစ် ၁၉၆၆ ခုနှစ်တွင် ကျင်းပခဲ့သည့် **"ယူနက်စကိုအထွေထွေညီလာခံကြီး"** ("1966 UNESCO GENERAL CONFERENCE")က နှစ်စဉ်နှစ်တိုင်း ကျရောက်သည့် စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အဖြစ် အညီအညွတ် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်နှင့်အညီ ထိုနေ့ကို ကျင်းပလာခဲ့ကြရာ ယခု ၂၀၀၇ ခုနှစ်၌ လေးဆယ့်တစ်နှစ်သို့ပင် ရောက်ရှိလာပြီဖြစ်ပေသည်။

ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်
(United Nations Literacy Decade)
(UNLD)

လူတိုင်းအတွက် ပညာရေးအစီအစဉ်အရ လူတိုင်းစာတတ်မြောက်စေရေး ရည်မှန်းချက်ကို ထိရောက်အောင်မြင် ပေါက်မြောက်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်လာသည့်အလျောက် ၂၀၀၁ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပသော "ကုလသမဂ္ဂအထွေထွေညီလာခံကြီး"("GENERAL ASSEMBLY OF THE UNITED NATIONS")က ဆုံးဖြတ်ချက် ၅၆/၁၁၆ ဖြင့် ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဆယ်စုနှစ်ကို "ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်" ("A UNITED NATIONS LITERACY DECADE")အဖြစ် တညီတညွတ်တည်း ဆုံးဖြတ် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ခြင်း ဖြစ်ပေသည်။

ယခု ၂၀၀၇-၂၀၀၈ ခုနှစ်သည် အဆိုပါကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်၏ ငါးနှစ်မြောက် ဖြစ်ရကား ထိုဆယ်စုနှစ်၏ တစ်ဝက်ကာလနှင့်လည်း တိုက်ဆိုင်နေသည်ကို ကျွန်ုပ်တို့ သတိပြုမိရန် လိုပါသည်။

သဘောအချုပ်အားဖြင့် လူတိုင်းအတွက် ပညာရေး Education For all ၏ ဗဟိုချက်မအခြေခံသဖွယ် ဖြစ်နေသည့် လူတိုင်းအတွက် စာတတ်မြောက်ရေး Literacy For All ကို Literacy for all is at the heart of basic education for all ဟူ၍ သတ်မှတ်ထားသည့် ဆယ်စုနှစ်အတွင်း ရည်မှန်းချက် ပေါက်မြောက်အောင် ထိထိရောက်ရောက် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

စာတတ်မြောက်ရေးနေ့၌ ချီးမြှင့်သည့်ဆုများ

၂၀၀၇ ခုနှစ် စက်တင်ဘာလ ၈ရက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် ယူနက်စကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဆုများ Unesco International Literacy Prizes အဖြစ် ချီးမြှင့်မည် ဖြစ်ပါသည်။ နိုင်ငံတကာ ခုံသမာဓိအဖွဲ့(An international jury)က စာတတ်မြောက်ရေး စီမံချက်လုပ်ငန်းများအနက် ထူးခြားထူးချွန်စွာ ဆောင်ရွက်ခဲ့သည့်နိုင်ငံများမှ အဖွဲ့အစည်းများကို ရွေးချယ်၍ ဆုချီးမြှင့်ပေးအပ်ခြင်းဖြစ်ပါသည်။

(က) ၂၀၀၇ ခုနှစ် Unesco International Reading Association Literacy Prize ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ The Community Education Administration Centre အဖွဲ့အစည်းအား ချီးမြှင့်ပါသည်။

(ခ) ၂၀၀၇ ခုနှစ် Unesco King Sejong Literacy Prize ကို ဆီနီဂေါနိုင်ငံမှ အစိုးရအဖွဲ့အစည်းမဟုတ်သည့် TOSTAN အဖွဲ့အစည်းအား ချီးမြှင့်ပါသည်။

(ဂ) ၂၀၀၇ ခုနှစ် Unesco King Sejong Literacy Prize ကို တန်ဇန်းနီးယားနိုင်ငံမှ The Children's Book Project ကိုဆောင်ရွက်သည့် အဖွဲ့အစည်းအား ချီးမြှင့်ပါသည်။

(ဃ) ၂၀၀၇ ခုနှစ် Unesco Confucius Prize For Literacy ဆုကို နိုင်ဂျီးရီးယားနိုင်ငံမှ အစိုးရအဖွဲ့အစည်းမဟုတ်သည့် FREE အဖွဲ့အစည်းအား ချီးမြှင့်ပါသည်။

(င) ၂၀၀၇ခုနှစ် Unesco Confucius Prize for Literacy ဆုကို အမေရိကန်ပြည်ထောင်စုမှ Reach Out and Read အဖွဲ့အစည်းအား ချီးမြှင့်ပါသည်။

အဆိုပါ ဆုတစ်ဆုစီသည် အမေရိကန်ဒေါ်လာ ၂၀၀၀၀ တန်ဖိုးရှိပါသည်။

အထက်ဖော်ပြပါ ဆုငါးဆု ချီးမြှင့်သည့်အပြင် Unesco အဖွဲ့ချုပ်ကြီးက ၂၀၀၇ခုနှစ် ကျက်သရေဆောင်ဖော်ပြချက် (Honourable Mention)အနေဖြင့် စပိန်နိုင်ငံမှ အစိုးရမဟုတ်သော CODEF Adult Education Centre အဖွဲ့အစည်း၏ ကြိုးပမ်းလုပ်ဆောင်ချက်ကို ချီးမြှင့်ဖော်ပြခြင်းလည်း ပြုပါသည်။

ဦးသန့်ဦး

၁၉၆၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ လေးဆယ့်တစ်နှစ်တာ ကာလအတွင်း ယူနက်စကိုအဖွဲ့ချုပ်က နှစ်စဉ်နိုင်ငံတကာ စာတတ်မြောက်ရေးနေ့၌ စာတတ်မြောက်ရေးဆိုင်ရာ ဆုများကို ချီးမြှင့်ပေးအပ်လေ့ရှိပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ စာတတ်မြောက်ရေး ဗဟိုကော်မတီသည် ၁၉၇၁ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်များတွင် စာတတ်မြောက်ရေးဆုများကို ရရှိခဲ့ပါသည်။

ကမ္ဘာ့စာတတ်မြောက်ရေးအခြေအနေ

ကမ္ဘာ့စာတတ်မြောက်ရေး အခြေအနေကို ဆက်လက်တင်ပြလိုပါသည်။ ကမ္ဘာ့စာတတ်မြောက်ရေး၌-

(က) သက်ငယ် စာမတတ်မှု
(ခ) သက်ကြီး စာမတတ်မှု

ဟူ၍ နှစ်ပိုင်းခွဲခြား တင်ပြလိုပါသည်။

စုစည်းလေ့လာရရှိသည့် စာရင်းအင်း အထောက်အထားများအရ **"သက်ငယ်စာမတတ်မှုအပိုင်း"** တွင် သုံးထောင်စု(Third millennium)သို့ တက်လှမ်းသည့် နှစ်ဆယ့်တစ်ရာစု၏ အခြေခံနှစ်ဖြစ်သော ၂၀၀၀ ပြည့်နှစ်တွင် အသက် ၅+နှစ်အထက် ကျောင်းနေအရွယ် ကလေးသူငယ်များ၊ စာသင်ကျောင်းပြင်ပ၌ ရှိနေသည့် အရေအတွက်သည် **သန်းပေါင်း ၁၂၀ ခန့်** ဖြစ်ပါသည်။ ခုနစ်နှစ်အကြာ ၂၀၀၇ခုနှစ်(ယခုနှစ်)တွင် အဆိုပါကလေးသူငယ် **သန်းပေါင်း ၇၂ သန်း** ရှိနေသေးကြောင်း လေ့လာတွေ့ရှိရသဖြင့် **သန်းပေါင်း ၄၈ သန်းခန့်** လျော့နည်းကျဆင်းသွားသည်ဟု ဆိုနိုင်ပါသည်။ ဤသန်းပေါင်း ၇၂သန်းသည် သက်ငယ်စာမတတ်သူများ ဖြစ်ကြသဖြင့်၊ သက်ကြီးစာမတတ်သည့် အင်အားသို့ ရောက်ရှိလာမည့် သဘောရှိနေသည်။

စုစည်းလေ့လာရရှိသည့် စာရင်းအင်း အထောက်အထားများအရ "သက်ကြီးစာမတတ်မှုအပိုင်း" တွင် နှစ်ဆယ့်တစ်ရာစု၏ အခြေခံနှစ်ဖြစ်သော ၂၀၀၀ပြည့်နှစ်တွင် အသက်၁၅+နှစ်အထက် သက်ကြီးစာမတတ်သူဦးရေသည် **သန်းပေါင်း ၈၈၀ခန့်** ဖြစ်ပါသည်။ ခုနစ်နှစ်အကြာ ၂၀၀၇ခုနှစ်(ယခုနှစ်)တွင် သက်ကြီးစာမတတ်သူ **သန်းပေါင်း ၇၇၄သန်း** ရှိနေသေးကြောင်း လေ့လာသိရှိရသဖြင့် **သန်းပေါင်း ၁၀၆သန်း** ကျော် ကျဆင်းလာသည်ဟု ဆိုနိုင်ပါသည်။ ၂၀၀၇ခုနှစ်တွင် ရှိနေသော သက်ကြီးစာမတတ်သူသည် သက်ကြီးငါးယောက်အနက် တစ်ယောက်ရှိနေသဖြင့် စာမတတ်သေးသည့် ပမာဏသည် ကြီးမားလှသည်ဟု ဆိုနိုင်ပါသည်။ ထိုသက်ကြီးစာမတတ်သူတို့၏ သုံးပုံနှစ်ပုံသည် အမျိုးသမီးများ ဖြစ်နေခြင်းကြောင့်လည်း သက်ကြီးစာမတတ်သူတို့တွင် အမျိုးသမီး အများအပြားပါဝင်နေကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။

သို့ဖြစ်၍ ဤကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်အတွင်း စာမတတ်သူများ သိသိသာသာလျော့ကျသွားအောင် ထိထိရောက်ရောက်၊ ဖိဖိစီးစီး ဆောင်ရွက်ဖို့ လိုအပ်နေကြောင်း ထိုကိန်းဂဏန်းများက မီးမောင်းထိုးပြသလျက် ရှိနေပါသည်။

မြန်မာ့စာတတ်မြောက်မှုအခြေအနေ

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ၁၉၄၈ခုနှစ် သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့သည့်ကာလမှအစပြု၍ အစဉ်တစိုက် ကြိုးပမ်းအားထုတ်လာခဲ့မှု အရပ်ရပ်တို့ကြောင့် ၂၀၀၀ပြည့်နှစ်တွင် **၉၁ရာခိုင်နှုန်း** စာတတ်မြောက်လာသည်အထိ တက်လှမ်းလာနိုင်ခဲ့ပါသည်။

သုံးထောင်စုသို့ တက်လှမ်းသည့် နှစ်ဆယ့်တစ်ရာစု၏ အခြေခံနှစ်ဖြစ်သော ၂၀၀၀ပြည့်နှစ်တွင် ဖော်ပြပါ စာတတ်မြောက်မှု ရာခိုင်နှုန်း ၉၁ရှိခဲ့ရာမှ အမျိုးသားပညာရည်မြင့်မားရေး ဦးတည်ချက်နှင့်အညီ ပညာရေး အထူးလေးနှစ်စီမံကိန်းနှင့် ပညာရေးနှစ်ရှည် နှစ်သုံးဆယ်စီမံကိန်းအရ ကျောင်းပြင်ပ ပညာရေးအစီအစဉ်ဖြင့် လူတိုင်းစာတတ်မြောက်စေရေးသို့ ရှေးရှုကြိုးပမ်းမှုတို့ကြောင့် ၂၀၀၇ခုနှစ်တွင် **၉၄ဒသမ၇၅ ရာခိုင်နှုန်း** သို့ ထပ်မံ တက်လှမ်းလာခဲ့ပါသည်။

နှစ်အလိုက် သက်ကြီးစာတတ်လာမှုနှုန်း

ခုနှစ်	ရာခိုင်နှုန်း
၂၀၀၀ပြည့်နှစ်	၉၁ ဒသမ ၀၀
၂၀၀၁	၉၁ ဒသမ ၄၀
၂၀၀၂	၉၁ ဒသမ ၈၀
၂၀၀၃	၉၂ ဒသမ ၂၀
၂၀၀၄	၉၃ ဒသမ ၃၀
၂၀၀၅	၉၄ ဒသမ ၁၀
၂၀၀၆	၉၄ ဒသမ ၃၅
၂၀၀၇	၉၄ ဒသမ ၇၅

စဉ်ဆက်ပညာရေး အစီအစဉ်အရ စာတတ်လာသူများအား စာဖတ်ရှိန်မြှင့်တင်ရေး၊ ဝင်ငွေတိုးရေး၊ ကျန်းမာရေး၊ ဘဝသာယာချမ်းမြေ့ရေး စသည်တို့သို့ ရှေးရှုဆောင်ရွက်မှု ပြုပေးသည့် **"ရပ်ရွာပညာပဒေသာဌာနများ"** ("COMMU NITY LEARNING CENTRES")များကို ပြည်နယ်နှင့်တိုင်း ၁၃ခုတွင် ၉၂၇ခု ဖွင့်လှစ်ဆောင်ရွက်ပေးလျက် ရှိပါသည်။

စာတတ်သူများ စာဖတ်ဖြစ်စေရေး၊ ပညာဗဟုသုတ တိုးပွားစေရေးတို့သို့ ရှေးရှု၍ ပြန်ကြားရေးဝန်ကြီးဌာနက ၂၀၀၇ခုနှစ် ဧပြီလအထိ စာကြည့်တိုက်ပေါင်း ၅၅၇၁၇တိုက်ကို ဖွင့်လှစ်ပေးထားလျက်ရှိနေပါသည်။

သို့ဖြင့် စာတတ်လာသူများအတွက် "သင်ယူလေ့လာရေး ဝန်းကျင်ကောင်း" ("Learning Environment")ကို ဖန်တီးပေးထားလျက်လည်း ရှိနေပေသည်။

အခြားတစ်ဖက်တွင် အမျိုးသားပညာရည် မြင့်မားရေး ဦးတည်ချက်နှင့်အညီ ကျောင်းသင်ပညာရေးအရ ကျောင်းနေအရွယ်ကလေးသူငယ်များအား ကျောင်းနေဖြစ်စေရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိရာ ၂၀၀၀ပြည့်နှစ်တွင် သူငယ်တန်းကျောင်းဝင်နှုန်း **၉၁ရာခိုင်နှုန်း** ရှိခဲ့ရာမှ ၂၀၀၇ခုနှစ်တွင် **၉၇ ဒသမ ၈၄ရာခိုင်နှုန်း** အထိ တက်လှမ်းလာသည်ကိုလည်း တွေ့ရှိရပါသည်။

နှစ်အလိုက်သူငယ်တန်းကျောင်းဝင်နှုန်း

ခုနှစ်	ရာခိုင်နှုန်း
၂၀၀၀ပြည့်နှစ်	၉၁ဒသမ၀၀
၂၀၀၁	၉၁ဒသမ၅၀
၂၀၀၂	၉၂ဒသမ၀၅
၂၀၀၃	၉၃ဒသမ၀၇
၂၀၀၄	၉၅ဒသမ၀၅
၂၀၀၅	၉၆ဒသမ၅၆
၂၀၀၆	၉၇ဒသမ၅၈
၂၀၀၇	၉၇ဒသမ၈၄

ကျောင်းနေအရွယ် ကလေးသူငယ်များ ကျောင်းနေဖြစ်လာသည်နှင့်အမျှ သက်ငယ်ပိုင်း စာမတတ်မြောက်မှုကို အမြစ်ကစပယ်ဖျက်နိုင်ခြင်းကြောင့် စာတတ်မြောက်မှု အခြေအနေကောင်းသို့ တွန်းပို့ ဖန်တီးပေးရာ ရောက်စေပါသည်။

အချုပ်အားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတွင် အမျိုးသားပညာရေးနှင့် အမျိုးသားယဉ်ကျေးမှု အစဉ်အလာကောင်းတို့အရ သက်ငယ်နှင့် သက်ကြီးတို့အား စာတတ်မြောက်လာအောင် ကြိုးပမ်းအားထုတ်မှု အနေဖြင့် လုပ်အားပေးလှူခြင်း၊ ပစ္စည်းဝတ္ထုပံ့ပိုးပေးလှူခြင်းတို့သည် **"ပညာဒါန"** မြောက်ပါသည်။ စာတတ်မြောက်စေရေးအတွက် အဘက်ဘက်မှ ဖြည့်ဆည်းပေးခြင်းသည်လည်း **ပညာပါရမီ** မြောက်ပါသည်။ သို့ဖြစ်၍ ဤသတ်မှတ်ထားသည့် စာတတ်မြောက်ရေး ဆယ်စုနှစ်ကာလအတွင်း တစ်မျိုးသားလုံး စာတတ်မြောက်လာအောင်၊ တစ်နည်းအားဖြင့် လူတိုင်း စာတတ်မြောက်လာအောင်၊ အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်၊ အမျိုးသားရေး ခံယူချက်တို့ဖြင့် အမျိုးသားရေးတာဝန်အရ ညီညာဖြိုးဖြိုး ကြိုးပမ်းအားထုတ် သွားကြရန် အမျိုးသားရေး အကျိုးမျှော်ပြီး လေးစားစွာ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

"တစ်နိုင်ငံလုံး
စည်းရုံးလို့ညီညာ
စာတတ်သူများ
တိုးပွားစေဖို့ရာ
တကယ်ပါ တက်တက်ကြွ
ဆက်လက်ဆင်နွှဲကြ"။

(ပညာတန်ဆောင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် အမှတ် ၂၇၀ ကန်ကြီးအောင်လမ်း ဆယ်မိုင်ကုန်းနေ ဦးသန်းနိုင်–ဒေါ်မိမိခိုင်တို့အား အမှူးထား၍ သားကြီး အောင်မင်းသန်း၊ သားငယ် မောင်ခိုင်မင်းသန်း၏(၅)နှစ်ပြည့် မွေးနေ့အလှူအတွက် အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘောလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကလျာဏ(နာလန္ဒာ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

မိုးကောင်းမြို့၌ ပန်းအလှပင်စိုက်ပျိုး

မိုးကောင်း ဩဂုတ် ၁၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းဝင်း၏ ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများသည် ဇူလိုင် ၂၈ရက်က မိုးကောင်းမြို့ သာယာလှပရေးအတွက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှေ့ အောင်ဆန်းလမ်းဘေးဝဲယာတစ်လျှောက်၌ ပန်းအလှပင်မျိုးစုံ ဝေဝေဆာဆာ ဖူးပွင့်နေစေရန် စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(၄၁၆)**

ဖခင်နှစ်ဦးဖြစ်သော ဦးမောင်ရီ၊ ဦးထွန်းခင်၊ မိခင်ဒေါ်တင်တင်တို့အား ရည်စူး၍ မိခင်ဒေါ်တင်ကြည်အား အမှူးထားပြီး ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ရွှေဂုဏ်သူအိမ်ရာ (A.1) အခန်း ၅၀၄ နေ ဦးအေးစိုး–ဒေါ်မြမြကြည်၊ သားမောင်နေမင်းသူ၊ မောင်ကျော်ခန့်ဝင်း မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင်ဆရာတော်ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား သာယာဝတီ၌ကျင်းပ

သာယာဝတီ စက်တင်ဘာ ၃

(၁၅)ကြိမ်မြောက် သာယာဝတီခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဩဂုတ်၃၀နှင့် ၃၁ရက်က သာယာဝတီမြို့ ဆရာစံခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့်၊ ဝါသနာရှင်အဆင့် ပြိုင်ပွဲဝင် ၁၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ဆုပေးပွဲနှင့်ပိတ်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ရက်က ကျင်းပရာ အခမ်းအနားတွင် ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် ဗဟိုအဆင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် အိုးစည်ပြိုင်ပွဲဖြင့် ပထမဆု ရရှိခဲ့သည့် ပတ္တမြားကုလားနှင့် အဖွဲ့အား ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ခိုင်စိုးက ဆုချီးမြှင့်ခဲ့ပြီး**(ယာပုံ)** အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးနိုင်ကြည်က ဂုဏ်ပြုလက်ဆောင်ဆုချီးမြှင့်သည်။

ဆက်လက်၍ ဆုရပြိုင်ပွဲဝင်များအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ငဖဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့အဝင်စည်ပင်ရုံးလမ်းခွဲရှိ တြိဂံကျွန်းမြေယာရှုခင်းအလှ ဆောင်ရွက်ထားမှုကို ဩဂုတ် ၁၀ ရက်က မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၃)ဦးဝင်းသူရတို့က ရှင်းလင်းတင်ပြစဉ်။ (က–ပ)

ငပုတော ဆပဒမထေရ် သာသနာ့မြေဘက်စုံပြုပြင်မည်

ငပုတော စက်တင်ဘာ ၂

ရှေးနှစ်ပေါင်း ၈၀၀ ကျော်က ပုဂံခေတ်နှင့်ခေတ်ပြိုင် ဆပဒမထေရ်၏ ဇာတိဖြစ်သော ငပုတောမြို့တွင် ဆပဒမထေရ်တည်ထားခဲ့သည့် ဆပဒစေတီတော်နှင့် သာသနိက အဆောက်အအုံများ ဘက်စုံတည်ဆောက်ပြုပြင်ခြင်း အထိမ်းအမှတ်အဖြစ် ဩဂုတ် ၂၉ရက် နံနက် ၇နာရီက ဆပဒသာသနာ့နယ်မြေတွင် မဟာဗောဓိပင်စိုက်ပျိုးခြင်း၊ မြေစိုက်ပိုစတာစိုက်ထူခြင်း၊ ဆပဒစေတီတော် မဟာရံတံတိုင်းနှင့် မုခ်ဦးပန္နက်တင် အခမ်းအနားများကို ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးကျော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘက်စုံတည်ဆောက်ပြုပြင်ရေး ဦးစီးကော်မတီနှင့်လုပ်ငန်းကော်မတီဝင်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

လှူဒါန်းနိုင်

ဆပဒသာသနာ့နယ်မြေတွင် ရှေးဟောင်းသမိုင်းဝင် ဆပဒစေတီတော်နှင့် ရဟန္တာသိမ်တော်ကြီး မွမ်းမံပြုပြင်၍ အရိယသစ္စာဓမ္မဗိမာန်တော်ကြီး တည်ဆောက်မည်ဖြစ်၍ လှူဒါန်းလိုသူများသည် ငပုတောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း–၀၄၂–၄၄၁၉၃ နှင့် ဘက်စုံဦးစီးကော်မတီ ဖုန်း–၀၄၂–၄၄၂၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မုဒုံမြို့ သာယာလှပရေး မြေယာရှုခင်းအလှပုံဖော်

မုဒုံ ဩဂုတ် ၂၃

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့အဝင်လမ်းဘေးဝဲယာတစ်လျှောက် မြေယာရှုခင်းအလှပုံဖော် ဆောင်ရွက်စိုက်ပျိုးခြင်းကို ဩဂုတ် ၁၂ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တိုက်ကြီးမြို့ ဈေးရပ်ကွက် သီတာလမ်း ဂဝံခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၃) (မြို့ပြ) ဦးအောင်စံသိန်းနှင့်အဖွဲ့ လမ်းခင်းဆောင်ရွက်ရာ ဩဂုတ် ၇ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းလှိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်အနောက်ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်အနောက်ပိုင်းခရိုင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၀ရက် မွန်းလွဲ ၁နာရီခွဲက အလုံမြို့နယ်ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင်ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်မြင်က အမှာစကားပြောကြားပြီး (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုရရှိသူများအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ဂုဏ်ပြု

ထို့နောက် ခရိုင်အတွင်းရေးမှူး ဦးစိုးမြင့်က အကဲဖြတ်ဒိုင်အဖွဲ့ဝင် အနုပညာရှင်ကြီးများအား ဂုဏ်ပြုလက်ဆောင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ဖျော်ဖြေခဲ့ကြသော ရွှေတံဆိပ်(၁၅)ဆုရှင် ဖိုးသကြိန်နှင့် အဖွဲ့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် ဥက္ကဋ္ဌဦးအောင်မြင်က ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော လသာမြို့နယ်အား ဆုချီးမြှင့်ရာ လသာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက လက်ခံယူသည်။ **(က–ပ)**

မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဦးဆောင်ကြီးကြပ်မှုဖြင့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုပေးပွဲကို ဩဂုတ် ၁၉ရက်က မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက ဆုရသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (၁၆၈)

တာမိုးညဲမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ ရက်က နမ့်ဆာကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးမှူးဒေါ်မြသက်အေးနှင့် ကျေးရွာအတွင်းရေးမှူး ဦးဆန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဟိုပန်မြို့ပေါ်ရှိ ဝါဆိုသံဃာတော်များအား ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ဟိုပန် စက်တင်ဘာ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့တွင် နယ်မြေခံ တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်မြင့် ဦးဆောင်၍ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့အရာရှိ၊ အရာခံများ၊ ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များသည် ဩဂုတ် ၂၅ရက် မွန်းလွဲ၁နာရီက မြသိန်းတန်ပရိယတ္တိစာသင်တိုက်နှင့် မြသိန်းတန် ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဓမ္မာရုံတွင်မြို့ပေါ်ရှိဝါဆိုသံဃာတော်များအား ဆွမ်းဆန်၊ဆီ၊ ဆား၊ ဆေး၊ပဲနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ငါးပါးသီလခံယူ

အခမ်းအနားတွင် မြို့နယ်သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မျိုးအောင်က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်၍ နမောတဿသုံးကြိမ် ဘုရားကန်တော့၍ ဖွင့်လှစ်သည်။ ယင်းနောက် ဟိုပန်မြို့ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သီဟဗလထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ဆေး၊ပဲနှင့် အခြားလှူဖွယ်ပစ္စည်းများကို နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး မောင်မောင်မြင့်နှင့်ဇနီး ဒေါ်ဥမ္မာမြင့်**(ယာပုံ)**တို့က လည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီးအောင်မျိုးနှင့် ဇနီး ဒေါ်စုစုတင်တို့က လည်းကောင်း၊ခရိုင်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သီတာနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် စေတနာရှင်ပြည်သူတို့က ဆရာတော်၊သံဃာတော် အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

ပေါက်ခေါင်းမြို့၌ အဆို၊ အက၊ အရေး၊ အတီးပြိုင်

ပေါက်ခေါင်း ဩဂုတ် ၂၇

(၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဩဂုတ် ၁၈ရက် နံနက်၉နာရီက ပေါက်ခေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းလှိုင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ဝဲပုံ)** ပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် အခြေခံပညာအဆင့်၊ ဝါသနာရှင်အဆင့် အတန်းလိုက် ပထမ၊ ဒုတိယဆုရသူများအား မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် အဖွဲ့ဝင်များက ဆုပေးအပ် ချီးမြှင့်ကြကြောင်း သိရသည်။

(မြို့နယ် ထွေ/အုပ်)

မြန်မာ့အသံနားဆင်စရာ

၁၃၆၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
၉-၉-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀း၀၀ သိပ္ပံအကြောင်းသိကောင်းစရာ
(သိပ္ပံနှင့်နည်းပညာ ဘာသာရပ်များ လူထုနဲ့ယဉ်ပါးစေသင့်တဲ့အကြောင်း-သိပ္ပံမှူးတင်)
၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား(ဒဂုံမြို့သစ် မြောက်ပိုင်း စီးပွားရေးဖွံ့ဖြိုးမှုဇုန်ထုတ် တစ်ရှူးမျိုးစုံ)
၁၁း၃၀ မေတ္တာတွက်တာ အလုကမ္ဘာ(ခေါင်းဖျားခြေဆုံးလှဦးမှာ)
၁၁း၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ဒို့များအရွယ်ညောင်းခဲ့ရင်(ဂီတာကိုသာစိန်)
(၂) မျှော်တလင့်လင့် (ငွေးငွေးမြင့်)
(၃) မကြင်သဲပန်း (ပုသိမ်ညိုမောင်)
၁၂း၀၀ ကလေးများ၏သီချင်းဆိုပြိုင်ပွဲ (ပညာ)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ
(နောင်ကြဉ်စေမယ့်အမုန်း)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ
(ယသော်ရောကန်တော့ခန်းပျို့-ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၆း၁၀ နေ့စဉ်သုံး အီဒီယမ်
၁၇း၀၀ ဟာဒယရွှင်ဆေး
(လူရွှင်တော် ကိုဘဲဥနှင့်မန်းကျော်)
၁၇း၁၅ မြန်မာ့မူဟန်ဇာတိမာန်ဟောပြောချက်
(အမျိုးသားရေးဇာတိသွေးကို တွန်းအားပေးသည့် ကျမ်းစာတစ်စောင်-ညွှန့်ဟံ-ကြူတော)
၁၇း၃၀ တေးရေးသူအကြိုက်
(လှကြည်ဆွေ)
၁၈း၂၅ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေးအတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန် ခေတ်ဟောင်း/ကာလပေါ်တေးများ
၁၉း၁၅ ကိုယ်တိုင်ရွေးချယ်နားဆင်မယ်
၂၀း၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ
(ဒေါ်နှင်းရည်)
၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ပျောက်သောသူရှာရင်တွေ့မယ်
(ကျောက်ပန်းတောင်းကျော်လွင်)
(၂) သျှောင်နောက်ဆံထုံးပါ
(စိုးစန္ဒာထွန်း)
(၃) အကျည်းတန်ချစ်သူ
(မောင်မောင်ကြီး)

ချိပ်ပိတ်တင်ဒါကြော်ငြာ

ပို့ဆောင်ရေးဝန်ကြီးဌာန
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
အမှတ် ၅၀၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့

တင်ဒါအမည်-
(က) Spares for Dorman Engine 1.Lot (နိုင်ငံခြားငွေ)
(ခ) Spares for Auxiliary Engine 1.Lot (နိုင်ငံခြားငွေ)
(ဂ) Engine Lub:Oil (SAE-50) 1.Lot (မြန်မာကျပ်ငွေ)
(ဃ) 5"cir:Nylon Rope 1.Lot (မြန်မာကျပ်ငွေ)

တင်ဒါပိတ်ရက်- ၂၄-၉-၂၀၀၇ ရက် (၁၆း၀၀)နာရီ

ချိပ်ပိတ်တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၊ ရုံးချုပ် (ပထမထပ်)ရှိ ထောက်ပံ့ရေးဌာနခွဲတွင် ၇-၉-၂၀၀၇ ရက်မှစတင်၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပြီး ပစ္စည်းတစ်မျိုးစီအတွက် တင်ဒါပုံစံတစ်စောင်လျှင် ကျပ်၅၀၀၀-(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ (စီမံ)
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး။

တက္ကသိုလ်များပုံနှိပ်တိုက် လုပ်ငန်းသုံးပစ္စည်းများ ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ တက္ကသိုလ်များပုံနှိပ်တိုက်တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူလိုပါသည်-
(က) Film နှင့်ဆက်စပ်ပစ္စည်းများ
(ခ) ကွန်ပျူတာ၊ ပရင်တာနှင့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများ
၂။ တင်ဒါပေးသွင်းမှုကို ၂၁-၉-၂၀၀၇ရက် (၁၅း၀၀)နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံ ဝယ်ယူရန်နှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း စုံစမ်းနိုင်ပါသည်။

လုပ်ငန်းသုံးပစ္စည်းဝယ်ယူရေးကော်မတီ
တက္ကသိုလ်များပုံနှိပ်တိုက်၊ သထုံလမ်း၊ ရန်ကုန်မြို့
ဖုန်းနံပါတ်-၅၃၇၃၅၇၊ ၅၂၅၆၁၆။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ဗန်းမော်တက္ကသိုလ်တွင် အသုံးပြုရန်အတွက် မြန်မာတိုင်းရင်းသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသည်။
(က) စက္ကူ၊ စာရေးကိရိယာနှင့် ရုံးသုံးပစ္စည်း (၉) မျိုး
(ခ) လက်တွေ့ခန်းသုံးပစ္စည်းများ (1) Lot
(ဂ) ပရိဘောဂပစ္စည်း (၃) မျိုး
၂။ တင်ဒါပိတ်ရက်မှာ ၁၅-၉-၂၀၀၇ ရက် (၁၆း၃၀)နာရီဖြစ်၍ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးကော်မတီ
ဗန်းမော်တက္ကသိုလ်၊
ဖုန်း-၀၇၄-၅၀၅၂၂၊ ၅၀၅၂၁။

CS B.Sc နိုင်ငံ AS AS
Frig, Aircon, Washing Machine, Dryer & Dish Washer
ပြုပြင်၊ ဆေးမှုတ်
TV, DVD, Projection TV & Hi-Fi Cassette Amps
အိမ်အရောက် ပြုပြင်ရေး
ဖုန်း-၀၉-၉၉-၇၂၃၅။

အမည်ပြောင်း

ပြင်ဦးလွင်မြို့ အထက(၁) အဋ္ဌမတန်း (B) မှ စိုင်းနွံဆိုင်ခေး အား စိုင်းနွမ်ဆိုင်ခေးဟုပြောင်းလဲခေါ်ပါရန်နှင့် သတ္တမတန်း(B)မှ စိုင်းစံမိန်းအား စိုင်းအောင်မိန်းဟု ပြောင်းလဲခေါ်ပါရန်။

အများသိစေရန် ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ကမာရွတ်မြို့နယ်ရှိ တိုက်ခန်းအား မူလအမည်ပေါက်အမည်ဖြင့် တိုက်ခန်းနေရာချထားခြင်း လက်မှတ်ထုတ်ပေးထားပြီး ဖြစ်ပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား အဆောက်အအုံ နေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဒေါ်သန်းမြ ၁၂/ကမရ(နိုင်)၀၄၁၀၃	မထူးလတ်အောင် ၁၂/ကမရ(နိုင်)၀၀၁၁၇၀ မခင်မျိုးမြင့် ၁၂/ကမရ(နိုင်)၀၀၂၃၉၇	တိုက် ၁၊ အခန်း ၅၊ ပြည်ရိပ်မွန်အိမ်ရာ။

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ (ထော်လာဂျီ)၇၄/၄၄၈၀ အခွန်ပေးဆောင်ပြီးကြောင်း ပုံစံ(၁)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။**ဒေါ်ထွေးခမ်း(ခ)ဒေါ်အေးလှိုင်၊ဖုန်း- ၀၇၄-၅၀၄၅၄။**

တိုက်ခန်းအမြန်ရောင်းမည်

စမ်းချောင်း၊ ဗဟိုလမ်းမကြီး၊ မြေညီ ၂၅ ပေ x ပေ ၅၀၊ ဖုန်းပါ
ဗဟန်းရေတာရှည်လမ်းဟောင်း၊ တတိယထပ်၊
ပေ ၂၀ x ၄၅ ပေ တိုက်သစ်၊ အားလုံးအဆင့်မြင့်ပြင်ဆင်ပြီး။
ဖုန်း-၅၄၅၃၉၅၊ ၅၅၈၃၇၅၊၀၉-၉၉-၂၄၃၆၃။

ဖခင်အမည်မှန်

တောင်ကြီးမြို့ အထက(၇) သတ္တမတန်း(D)မှ မောင်ထွန်းမြင့်ဝင်း၊ ပဉ္စမတန်း(C)မှ မအိအိမိုးတို့၏ ဖခင် ဦးအိုက်ရပ်၏ အမည်မှန်မှာ ဦးလီကျိန်ယိုဖြစ်ပါကြောင်း။
ဦးလီကျိန်ယို။

MPT ADSL

ရန်ကုန်၊ မန္တလေး၊ ပုသိမ်၊ မော်လမြိုင်၊ မျဉ်းမနား၊ ပဲခူး၊ လားရှိုး၊ မူဆယ်၊ တာချီလိတ်၊ တောင်ကြီး၊ ကျိုင်းတုံ၊ မုံရွာ၊ မကွေး၊ မြစ်ကြီးနား၊ ပြင်ဦးလွင်၊ ပုဂံညောင်ဦး၊ ဗိုလ်ချုပ်အောင်ဆန်းဈေး(ရန်ကုန်)တို့တွင် မြန်နှုန်းမြင့်အင်တာနက်များ အသုံးပြုနိုင်သော MPT ADSL အားလျှောက်ထား ဝယ်ယူနိုင်ပါသည်။

MPT Satellite Terminal (Ipstar)

တယ်လီဖုန်း ၄လိုင်းနှင့် မြန်နှုန်းမြင့် အင်တာနက်အား လစဉ်ကြေးဈေးနှုန်းချိုသာစွာ အသုံးပြုနိုင်သော MPT Satellite Terminal (Ipstar)များလည်း ဆက်သွယ်လျှောက်ထားဝယ်ယူနိုင်ပါသည်။
ဆက်သွယ်ရန် - Global Net
01-652232, 01-652324, 01-507054, 095154989

အရွယ်သုံးပါးမရွေး အလေးထားဖတ်ရမည့်စာအုပ်
ခင်နှင်းယု
စာမူခွင့်ပြုချက်အမှတ် ၅၀၀၄၈၅၀၅၀၇
လာခြင်းကောင်းသောလူကလေးနှင့် မောင်မျိုးမင်းနိုးကြားလာခြင်း
မွေးစာပေ ထွက်ပြီ ☎-၅၀၂၁၆၃

အမည်မှန်

တနင်္သာရီမြို့နယ် ချောင်းငယ်ရပ်နေ အဖ ဦးရွှေသိန်း၏ သမီး ဒေါ်မာမာစန်း ၆/တသရ(နိုင်) ၀၀၁၅၂၅၏ အမည်မှန်မှာ ဒေါ်မေမေရီဖြစ်ပါကြောင်း။
ဒေါ်မေမေရီ။
၆/တသရ (နိုင်) ၀၀၁၅၂၅။

ဝန်ထမ်းအမြန်အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

FMI Company (MAGT Ltd.)သည် ဧရာဝတီတိုင်းအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကြက်ဆူနှင့် ရော်ဘာစိုက်ပျိုးရေး စီမံကိန်းလုပ်ငန်းများတွင် ခန့်ထားရန်အတွက် ဝန်ထမ်းများ အမြန်အလိုရှိသည်။

၁။ Engineer ကျား(၃) ဦး
- B.E/A. G.T.I (Mechanical/Electrical Power/Civil)
- အသက်(၄၀)အောက် လုပ်ငန်းအတွေ့အကြုံ(၅)နှစ်

၂။ Manager/ Assistant Manager(Accounts) ကျား/မ(၃) ဦး
- B.Com/စီးပွားရေးတက္ကသိုလ်ဘွဲ့ရ(C.P.A အောင်ပြီးသူ ဦးစားပေးမည်)
- အသက်(၄၀)အောက်၊ လုပ်ငန်းအတွေ့အကြုံ(၅)နှစ်
- Microsoft Office, Accounting Software ကျွမ်းကျင်ရမည်။

၃။ Manager/Assistant Manager(HR & Admin) ကျား/မ(၂) ဦး
- ဘွဲ့ရ(HR/ Management သင်တန်းတက်ရောက်ပြီးသူ ဦးစားပေးမည်)
- အသက်(၄၀-၅၀)ကြား၊ လုပ်ငန်းအတွေ့အကြုံ(၁၀)နှစ်
- Microsoft Office ကျွမ်းကျင်ရမည်။

၄။ Medical Officer ကျား(၁) ဦး
- M.B.,B.S [အသက် (၃၅-၅၀)ကြား၊ လုပ်ငန်းအတွေ့အကြုံ (၅)နှစ်]

၅။ Assistant Research Officer ကျား/မ(၂) ဦး
- B.Agri.Sc [အသက် ၄၀ အောက်၊ လုပ်ငန်းအတွေ့အကြုံ (၅)နှစ်]

၆။ Logistic/Purchasing Staff ကျား(၂) ဦး
- ဘွဲ့ရ [အသက် ၄၀ အောက်၊ လုပ်ငန်းအတွေ့အကြုံ (၅) နှစ်]

၇။ Store Keeper ကျား(၁) ဦး
- ဘွဲ့ရ [အသက် ၄၀ အောက်၊ လုပ်ငန်းအတွေ့အကြုံ (၅) နှစ်]

၈။ Office Staff ကျား(၁) ဦး
- ဘွဲ့ရ (အသက် ၃၀ အောက်)

မှတ်ချက်- ရာထူးအမှတ်စဉ်(၁)မှ(၅)အထိ အင်္ဂလိပ်စာ ပြောဆို ရေးသားနိုင်ရမည်။

လျှောက်ထားလိုသူများသည် ဤကြော်ငြာသည့်ရက်မှ နှစ်ပတ်အတွင်း ကိုယ်ရေးမှတ်တမ်းအပြည့်အစုံ၊ လျှောက်ထားသောရာထူးနှင့် မျှော်မှန်းလစာ၊ ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်များဖော်ပြ၍ လုပ်ငန်းအတွေ့အကြုံနှင့် ပညာအရည်အချင်းအထောက်အထားများ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံသုံးပုံနှင့်အတူ လျှောက်ထားနိုင်ပါသည်။

လျှောက်ထားရန်လိပ်စာ
Myanmar Agri-Tech Ltd.
Planting & Operation Dept. ရုံးခန်း
FMI City, Type-4/5၊ လှိုင်သာယာမြို့နယ်။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဦးစီးဌာနမှလိုအပ်သော(၂၄" x ၁၆" x ၁၂") အရွယ်အစားရှိ သစ်သားသေတ္တာ အလုံးရေ ၁၂၀၀၀ကို ဝယ်ယူလိုပါသည်။

ပေးသွင်းလိုသူများသည် ချိပ်ပိတ်ဈေးနှုန်းလွှာများကို ဒုတိယညွှန်ကြားရေးမှူး(ဆေးပစ္စည်း)၊ ဗဟိုဆေးသိုလှောင်ရေးဌာန ရုံးခန်း၊ အမှတ် ၅၇၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ ၂၀-၉-၂၀၀၇ရက် မွန်းလွဲ ၂း၀၀ နာရီထက် နောက်မကျစေဘဲ တင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဖုန်းနံပါတ်-၃၇၂၃၆၂၊ ၃၇၁၂၈၄။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဘအေး ပိုင် န/၄၃၄၁ယာဉ် ၏ အမြတ်ခွန် အစိမ်းစာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
ဖုန်း-၀၉-၉၀-၃၂၁၉၆။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် အ/၇၂၁၈၊ ယာဉ်လက်ဝယ်ရှိသူ ဦးကံညွှန့် မှတ်ပုံတင်အမှတ် ၁၂/မရက(နိုင်)၀၆၀၈၃၃က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊
ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး၊အင်းစိန်မြို့နယ်။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း သုံးခွမြို့နယ် သိုက်တူးကန် စံပြကျေးရွာ လယ်သမားကြီးဦးကျော်ရွှေ၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စံပြလေးဧကစိုက်ကွင်းတွင် ပထမစပါး ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

သုံးခွမြို့နယ် တစ်မိုးနှစ်သီး ပထမစပါးရိတ်သိမ်းခြွေလှေ့ ဒုတိယစပါး ထွန်ယက်စိုက်ပျိုးခြင်းအခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၏ ၂၀၀၇ခုနှစ် တစ်မိုးနှစ်သီး ပထမစပါး ရိတ်သိမ်းခြွေလှေ့ခြင်းနှင့် ဒုတိယစပါး ထွန်ယက်စိုက်ပျိုးခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် သုံးခွမြို့နယ် သိုက်တူးကန် စံပြကျေးရွာ လယ်သမားကြီးဦးကျော်ရွှေ၏ စံပြလေးဧကစိုက်ကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်အားပေးသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းလှိုင်နှင့် တိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးဝင်းမြင့်တို့က ရန်ကုန်တိုင်းနှင့် သုံးခွမြို့နယ်အတွင်း တစ်မိုးနှစ်သီး စပါးစိုက်ပျိုးရိတ်သိမ်းမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❒

ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲ ရုရှားတင်းနစ်မယ် အကြိုဗိုလ်လုပွဲတက်

ကမ္ဘာတစ်လွှား အားကစား စာ-၁၂

မြို့နယ်အချို့၌ဖြစ်ပေါ်ခဲ့သည့်လူတစ်ဦးစ၊နှစ်ဦးစ၏ဆန္ဒပြလှုံ့ဆော်သတင်းများကိုပြည်ပအသံလွှင့်ဌာနများပုံကြီးချဲ့ထုတ်လွှင့် NLD ပါတီဝင်နှင့် ၈၈မျိုးဆက်ကျောင်းသားဆိုသူများနှင့်တွေ့ဆုံမေးမြန်း၍ပြည်သူများထင်ယောင်ထင်မှားဖြစ်ရန်နှတ်ကြောင်းပေးဝါဒဖြန့် သံဃာအချို့၏ဆန္ဒပြမှုနှင့်ပတ်သက်၍ ပခုက္ကူ NLD နှင့် ပြည်ပသတင်းဌာနများ ချိတ်ဆက်ပုံကြီးချဲ့သွေးထိုးလှုံ့ဆော်

သံဃာတော်များအပေါ် ဂါရဝတရားရှေ့ထား၍သဘောထားကြီးစွာ ဆောင်ရွက်နေသည်ကို ပြည်သူများနားလည်သဘောပေါက် အကြမ်းဖက်ဖြစ်စဉ်များသည် ပြည်သူလူထုစားဝတ်နေရေးကို ထိခိုက်နစ်နာစေကြောင်း၊ ထိုဖြစ်စဉ်များထပ်မံဖြစ်ပေါ်မလာစေရေး ဆရာဒကာ ပြည်သူတစ်ဦးချင်းအလိုက်သံဃာတော်များအားလျှောက်ထားဆောင်ရွက်သင့်ကြောင်းပြည်သူများပြောဆိုလျက်ရှိ

ဝိနည်းတော်နှင့်အညီကျင့်ကြံနေထိုင်ကြသောသံဃာတော်အများစုအနေဖြင့်အကြမ်းဖက်လုပ်ရပ်များလိုလားမှုမရှိ၊ သာသနာ့အကျိုးကိုသာအေးချမ်းစွာသယ်ပိုးဆောင်ရွက်လိုသောဆန္ဒရှိ

နေပြည်တော် စက်တင်ဘာ ၇

စက်သုံးဆီဈေးနှုန်း တိုးမြှင့်လိုက်ခြင်းအပေါ်အကြောင်းပြပြီး ဩဂုတ် ၁၉ရက်ခန့်မှစ၍ ဖြစ်ပေါ်ခဲ့သည့် ဆန္ဒပြမှုအချို့ကို အခြေခံကာ တစ်ဆိတ်ကိုတစ်အိတ်လုပ်၍ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက ၈၈ အရေးအခင်းကဲ့သို့ ဆူပူအုံကြွအကြမ်းဖက်မှုများ ဖြစ်ပေါ်လာစေရန် ဖန်တီးလှုံ့ဆော်လျက်ရှိသည်။ ပြည်ပအသံလွှင့်ဌာနများသည် မြို့နယ်အချို့၌ဖြစ်ပေါ်ခဲ့သည့် လူတစ်ဦးစ၊ နှစ်ဦးစ၏ ဆန္ဒပြလှုံ့ဆော်သတင်းများကိုပင် ပုံကြီးချဲ့ထုတ်လွှင့်ခြင်း၊ NLD ပါတီဝင်နှင့် ၈၈ မျိုးဆက်ကျောင်းသားဆိုသူများနှင့် တွေ့ဆုံမေးမြန်းခန်းများပြုလုပ်၍ ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် နှတ်ကြောင်းပေး ဝါဒဖြန့်စည်းရုံးလှုံ့ဆော်ခြင်းစသည်ဖြင့် အမျိုးမျိုးလုပ်ကြံဖန်တီး လှုံ့ဆော်လျက်ရှိသည်ကို မြင်တွေ့နေရသည်။

ပုံကြီးချဲ့ထုတ်လွှင့် သွေးထိုးလှုံ့ဆော်

မကွေးတိုင်း ပခုက္ကူမြို့ရှိ ကျောင်းတိုက်အချို့မှ သံဃာအချို့၏ စက်တင်ဘာ ၅ရက်နှင့် ၆ရက်တို့တွင် ဆန္ဒပြမှု၊ ကားမီးရှို့ဖျက်ဆီးမှုတို့နှင့်ပတ်သက်၍လည်း ပခုက္ကူ NLDနှင့် ပြည်ပသတင်းဌာနများ ချိတ်ဆက်၍ ပုံကြီးချဲ့သတင်းထုတ်လွှင့် သွေးထိုးလှုံ့ဆော်ခဲ့ကြောင်း သိရှိရသည်။

မကွေးတိုင်း ပခုက္ကူမြို့ရှိ ကျောင်းတိုက်အချို့မှ သံဃာအချို့သည် စက်တင်ဘာ ၅ရက် မွန်းလွဲ ၂နာရီခန့်တွင် ဆန္ဒပြအဖမ်းခံရသူများလွှတ်ပေးရေးနှင့် ကုန်ဈေးနှုန်းကျဆင်းရေး ကြွေးကြော်ဆန္ဒပြပြီး သံဃသမဂ္ဂီခေါင်းစီးပါ ဆိုင်းဘုတ်ကိုကိုင်ဆောင်၍ ဗိုလ်ချုပ်လမ်းအတိုင်း လမ်းလျှောက်ဆန္ဒပြခဲ့ကြရာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ဦးတေဇောဘာသတို့က တားမြစ်သော်လည်း ဆန္ဒပြသံဃာများက လက်မခံဘဲ မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်အား တွန်းလှဲဖြတ်ကျော်ဆန္ဒပြခဲ့ကြသဖြင့် ဆရာတော်ကြီး၏ အသက်အန္တရာယ်ကို ကာကွယ်ရန်အလို့ငှာ သက်ဆိုင်ရာတာဝန်ရှိသူတို့က လက်နက်ငယ်သုံးချက် မိုးပေါ်ထောင်ပစ်ဖောက်၍ ခြောက်လှန့်လူစုခွဲခဲ့ရသည်။

အဆိုပါ စက်တင်ဘာ ၅ရက်ဖြစ်စဉ်နှင့်ပတ်သက်၍ ပခုက္ကူမြို့ NLD ပါတီမှ ပြည်ပသတင်းဌာနများသို့ မဟုတ်မမှန်သတင်းများပေးပို့ခဲ့သဖြင့်

စာမျက်နှာ ၃ ကော်လံ ၁ ●